အရည်အသွေး + တာဝန်ခံမှု + အကာအကွယ်ပေးခြင်း

(QAS)

လူသားချင်းစာနာမှု – ဖွံ့ဖြိုးတိုးတက်ရေး – ငြိမ်းချမ်းရေး


စကားစပ်

# QAS IN ACTION

## (QAS) လုပ်ဆောင်ချက်

A Smart Guide
for Aid Actors

# အမှတ်သင်္ကေတများကို ပစ်ခနမထား၊ အတ္တကို ရှေ့တန်းမတင်ဘဲ လူထုကို ဗဟိုပြုသည့်ချဉ်းကပ်မှုကို လက်ကိုင် ပြုခြင်း



ကျွန်ုပ်တို့အဖွဲ့အစည်းသည် ကိုယ်ကျိုးအတ္တများကို ဘေးဖယ်ထားပြီး ပူးပေါင်း ဆောင်ရွက်မှုနှင့် လူထုကိုဗဟိုပြုသော ဖြေရှင်းနည်းလမ်းများကို အထူးပြုပြီး ရပ်ရွာလူထု၏ လိုအပ်ချက်များကို ဦးစားပေးပါသည်။

ထို့ကြောင့် လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး (HDP) ဆိုင်ရာ ဆောင်ရွက်နေသူများအတွက် ရည်ရွယ်သည့် အရည်အသွေး၊ တာဝန်ခံယူမှုနှင့် ဘေးကင်းလုံခြုံရေး (QAS) ဆိုင်ရာ 'လက်တွေ့ကျင့်သုံးနိုင်သည့် QAS' (QAS in Action) လမ်းညွှန်စာအုပ်ကို ရေးသားပြုစုရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပံ့ပိုးကူညီသူများ၊ မိတ်ဖက်များနှင့် အလှူရှင်များ၏ အမှတ်တံဆိပ်များကို ဤစာအုပ်၏ ရှေ့မျက်နှာစာတွင် ဖော်ပြထားခြင်းမရှိပါ။

**Community World Service Asia (CWSA)** အဖွဲ့အစည်းသည် QAS ကဏ္ဍတွင် ဆယ်စုနှစ်နှစ်ခုကြာ ဦးဆောင်နေသော အဖွဲ့အစည်းဖြစ်ပြီး၊ ဤ 'လက်တွေ့ကျင့်သုံးနိုင်သည့် QAS' လမ်းညွှန်စာအုပ်ကိုဖြစ်မြောက်အောင် ပံ့ပိုးကူညီသူနှင့်ထုတ်ဝေသူလည်းဖြစ်ပါသည်။ CWSA သည် ပူးပေါင်းဆောင်ရွက်မှုနှင့် အတူတကွ လုပ်ဆောင်ခြင်းကို အလေးအနက်ယုံကြည်ပါသည်။ ကျေးဇူးတင်လွှာ အပြည့်အစုံကို ဤစာအုပ်၏ နောက်ဆုံးတွင် ဖတ်ရှုနိုင်ပါသည်။

ထုတ်ဝေသည့်အချိန်: ဖေဖော်ဝါရီလ ၂၀၂၅ / **ISBN:** 9 789697 523108 >

ဤ 'လက်တွေ့ကျင့်သုံးနိုင်သည့် QAS' လမ်းညွှန်စာအုပ်ကို ယခုအချိန်တွင် **အင်္ဂလိပ်ဘာသာ** စကားဖြင့် ဖတ်ရှုနိုင်ပါသည်။ **အခြားဘာသာစကားများဖြင့်** ထုတ်ဝေရန် အကြံပြုလိုပါက ကျွန်ုပ်တို့အဖွဲ့အစည်းထံ ဆက်သွယ်နိုင်ပါသည်။

**အွန်လိုင်းဖားရှင်းနှင့် သင်တန်း**

ဤ 'လက်တွေ့ကျင့်သုံးနိုင်သည့် QAS'လမ်းညွှန်**စာအုပ်ကို အွန်လိုင်းတွင် ရရှိနိုင်ပါသည်။** ၎င်းနှင့်အတူ **သင်တန်းမော်ဂျူး** အတိုလေး တစ်ခုလည်း ပူးတွဲပါရှိ ပါသည်။

**လူတွေ့သင်တန်းများ၊ ဆရာဖြစ်သင်တန်းနှင့် လမ်းညွှန်သင်ကြားသူများအတွက် သင်တန်းများ**


သင်၏လိုအပ်ချက်နှင့် အခြေအနေအတွက် ကိုက်ညီသော သင်တန်းပုံစံနှင့် ပို့ချမှုကို အဖွဲ့အစည်းထံသို့ **ဆက်သွယ်ဆွေးနွေးနိုင်ပြီး** အဖွဲ့အစည်းမှစီစဉ် ဆောင်ရွက်ပေးနိုင်ပါသည်။

ရေးသားပြုစုသူ: *Sylvie Robert*၊ လွတ်လပ်သော အတိုင်ပင်ခံ: *Huma Consult*

ပံ့ပိုးကူညီသူနှင့် ထုတ်ဝေသူ: *Community World Service Asia (CWSA)*

ဤ 'လက်တွေ့ကျင့်သုံးနိုင်သည့် QAS' လမ်းညွှန်စာအုပ်သည် ရပ်ရွာလူထုတို့၏ ဘဝကို ဂုဏ်သိက္ခာရှိရှိ၊ ပွင့်လင်း မြင်သာပြီး ဘေးကင်းလုံခြုံသောနည်းလမ်းများဖြင့် ပံ့ပိုးကူညီရန် ရည်ရွယ်လုပ်ဆောင်နေသူတိုင်း အတွက် ရည်ရွယ်ပြီး ရေးဆွဲထားပါသည်။

အထူးအားဖြင့် ဤစာအုပ်သည် ရပ်ရွာလူထုနှင့် နီးနီးကပ်ကပ်နေပြီး အကူအညီပေးရေး လုပ်ငန်းများကို ဆောင်ရွက်နေသူများအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။






# အဓိကကျသော အချက်များ

အကူညီပေးရေးလုပ်ငန်းဆောင်ရွက်နေသူများအတွက် အဓိကမှတ်သားရန်အချက်များ

## လူသားဖြစ်ခြင်းကိုအဓိကထားပြီးရှေးရှုရန်!

## ကျင့်ဝတ်ကိုအခြေခံသည့် သဘောထားများကိုင်စွဲထားရန်

- ဂုဏ်သိက္ခာကို လေးစားပါ – ပွင့်လင်းမြင်သာမှုရှိပါ
– ထိခိုက်မှုမရှိရေးမူလိုက်နာပါ

## မိမိ၏ စီမံကိန်းများနှင့် အဖွဲ့များအတွင်း

QAS ကဏ္ဍတွင် ဦးဆောင်သူဖြစ်ပါစေ

## ရပ်ရွာလူထု၏အမြင်နှင့်လိုက်လျောညီထွေအောင် နေထိုင်ကျင့်သုံးပါ

သူတို့နေရာက ဝင်ရောက်ခံစားကြည့်ပါ

## ဤလမ်းညွှန်ချက်များကို ဖြန့်ဝေပါ

ထိရောက်ပြီး ကောင်းမွန်သော အလေ့အကျင့်ကောင်းများကို ဤ 'QAS IN ACTION'လမ်းညွှန် စာအုပ်ကို အသုံးပြုပြီး မြှင့်တင်ရန်မျှဝေပါ။

# QASကို ရိုးရှင်းစွာ ဖွင့်ဆိုခြင်း

**အကူအညီပေးရေးလုပ်ငန်းဆောင်ရွက်သူများ**

လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး **(HDP)** ကဏ္ဍမှ လုပ်ငန်းဆောင်ရွက်သူများ ပါဝင်ပါသည်။ ဆိုလိုရင်းမှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး၊ ရှင်သန်ရပ်တည်ရေးနှင့် ကောင်းမွန်စွာ နေထိုင်ရေးအတွက် အထောက်အပံ့လိုအပ်နေသော ရပ်ရွာလူထုများအား အကူအညီနှင့် အကာအကွယ်များပေးအပ်ရာတွင် ပါဝင်လုပ်ဆောင်နေသူများအားလုံးကို ဆိုလိုပါသည်။

**လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးနှင့်ငြိမ်းချမ်းရေး (HDP) ဆက်စပ်ချိတ်ဆက်မှု**

လူသားချင်း စာနာထောက်ထားမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများနှင့် လုပ်ဆောင်ချက်တို့ကို ချိတ်ဆက်ပေးပြီး လူထု၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အခြေအနေမှန် အလုံးစုံကို ထည့်သွင်းစဉ်းစားသောနည်းလမ်းဖြင့် ဘေးအန္တရာယ်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်ပေးပါသည်။

**လူထုဗဟိုပြုပြီသောနည်းလမ်းနှင့် ဒေသကို အခြေပြုသော ချဉ်းကပ်မှုနည်းလမ်း**

ကျွန်ုပ်တို့အဖွဲ့အစည်း၏ ဖွံ့ဖြိုးလာသည့် မဟာဗျူဟာပိုင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ရည်မှန်းချက်ဆန္ဒများ ထင်ဟပ်စေရန် အကူအညီပေးရေး အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အဓိကထားမည့်အစား၊ လူများနှင့် ရပ်ရွာလူထုတို့၏ ပထဝီဝင်ဆိုင်ရာ တည်နေရာ အနေအထားများကို ထည့်သွင်းစဉ်းစားသည့်နည်းလမ်းဖြင့် ချဉ်းကပ်သင့်ပါသည်။ ဤနည်းလမ်းသည် အကူအညီနှင့် အကာအကွယ်ပေးမှုကို ကဏ္ဍစုံနှင့် အားလုံးပါဝင်နိုင်သောရှုထောင့်မှ ထည့်သွင်းစဉ်းစားနိုင်ပါသည်။

**အခြေခံမှုများ**

အခြေခံမှုများသည် အကူအညီပေးသူများ၏ ထူးခြားသည့်လက္ခဏာရပ်များနှင့် အခြားဆောင်ရွက်သူများသည် လူကိုဗဟိုပြုသော သို့မဟုတ် ဒေသကိုဗဟိုပြုသောချဉ်းကပ်မှုများနှင့် ကွဲပြားခြားသည့်အချက်များကို ထင်ရှားစေပါသလား။ ပဋိညာဉ်စာတမ်းများနှင့် ကျင့်ဝတ်စည်းကမ်းများသည် အကူအညီပေးသူများ လိုက်နာနိုင်မည့်တန်ဖိုးများနှင့် အခြေခံမှုများကို သင့်လျော်သော ကတိကဝတ်များနှင့် လက်တွေ့ဆောင်ရွက်နိုင်သော လိုအပ်ချက်များအဖြစ်သို့ ပြောင်းလဲဖော် ဆောင်ပေးပါသည်။

**အရည်အသွေး၊ တာဝန်ခံယူမှု နှင့် ကာကွယ်စောင့်ရှောက်ရေး**

အခြေခံမှုများ၊ စံချိန်စံညွှန်းများနှင့် ကတိကဝတ်များကို လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ရှိမှုဖြင့်ဘေးကင်းလုံခြုံ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ရေးဆွဲထားသည်။



# နိဒါန်း

## QASသည် အဘယ့်ကြောင့် အရေးကြီးပါသလဲ။

**QAS** မူဘောင်သည် ကျွန်ုပ်တို့၏ အဓိကကျသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တန်ဖိုးထားမှုများကို လက်တွေ့လုပ်ဆောင်မှုများအဖြစ်သို့ ပြောင်းလဲဖော်ဆောင်ရာတွင် မရှိမဖြစ်လိုအပ်ပါသည်။ ရည်ရွယ်ချက်မှာ ဤတန်ဖိုးထားမှုများကို တစ်သမတ်တည်းကျင့်သုံးကြောင်း သေချာစေပြီး၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကူညီဆောင်ရွက်ပေးနေသော လူ့အဖွဲ့အစည်းများနှင့် ပြည်သူများအတွက် အဓိပ္ပာယ်ပြည့်ဝသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေရန်အတွက် ဖြစ်သည်။

## ‘QAS in Action’အမည်ရှိ ဤလမ်းညွှန်စာအုပ်သည် အဘယ့်ကြောင့် လိုအပ်ပါသလဲ။

**QAS** ကို ဆယ်စုနှစ်ပေါင်းများစွာ မြှင့်တင်ဆောင်ရွက်ခဲ့ပြီးနောက်၊ **HDP Nexus** နှင့်ဆက်နွယ်သော ကိစ္စရပ်များတွင် ၎င်းကို လက်တွေ့အသုံးချမှုသည် အကူအညီပေးရေးလုပ်ငန်းဆောင်ရွက်သူများနှင့် အခြေအနေအမျိုးမျိုးအကြား၌ တစ်စုတစ်စည်းတည်းမရှိဘဲ ပြန့်ကျဲနေသည်ကို ကျွန်ုပ်တို့ သတိပြုမိပါသည်။ ဤသို့ တစ်သမတ်တည်းမရှိခြင်းသည် လူ့အဖွဲ့အစည်းများအား ထိရောက်စွာအကျိုးပြုမှုလုပ်ငန်းများ၏ တိုးတက်မှုကို အဟန့်အတားဖြစ်စေပါသည်။ အကူအညီပေးရေးကဏ္ဍ၏ သင်ယူမှုများကို တရားဝင်ပုံစံချမှတ်နိုင်ရန် ကျွန်ုပ်တို့၏ စုပေါင်းကြိုးပမ်းမှုများက အရှိန်အဟုန်ရလာပြီဟု မျှော်လင့်ရပါသည်။ **‘QAS in Action’** အမည်ရှိ ဤလမ်းညွှန်စာအုပ်သည် သင်ယူမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်စောင့်ရှောက်ရေးကဲ့သို့သော နယ်ပယ်များကို အဓိကထား၍ အကူအညီပေးရေးကဏ္ဍတွင် QASကို လက်တွေ့အသုံးချနိုင်ရန် တိကျရှင်းလင်းသော လမ်းညွှန်ချက်များနှင့်လက်တွေ့ကျသောနည်းလမ်းများ၊ ကိရိယာများကို ပံ့ပိုးပေးထားပါသည်။

## ‘QAS in Action’အမည်ရှိ ဤလမ်းညွှန်စာအုပ်သည် မည်သူတို့အတွက် ဖြစ်ပါသလဲ။

**‘QAS in Action’** အမည်ရှိ ဤလမ်းညွှန်စာအုပ်ကို **QAS** အား လက်တွေ့ကျပြီး အခြေအနေနှင့်ကိုက်ညီသော နည်းလမ်းများဖြင့် အသုံးချရန် ကတိကဝတ်ပြုထားသည့် ဆောင်ရွက်သူအားလုံးအတွက် ရေးဆွဲထားပါသည်။ ဤလမ်းညွှန်သည် ရာထူးတာဝန်များ သို့မဟုတ် အဖွဲ့အစည်းများအပေါ် ကန့်သတ်ထားခြင်းမရှိပါ။ ထိုသို့မဟုတ်ဘဲ ၎င်းသည် **QAS** ကို မဟာဗျူဟာမြောက်ရှုထောင့်မှလည်းကောင်း၊ လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ ရှုထောင့်မှလည်းကောင်း နှစ်မျိုးစလုံးအတွက် အသုံးချရန် လိုအပ်မှုကို ပိုမိုကျယ်ပြန့်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။**‘QAS in Action’** အမည်ရှိ ဤလမ်းညွှန်စာအုပ်သည် ဒေသအတွင်း လူ့အဖွဲ့အစည်းများနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်နေသူများအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

## QASမူဘောင်ကို နားလည်သဘောပေါက်ခြင်း

**QAS** ကို လက်တွေ့အသုံးချရန်အတွက် အဓိကကျပြီး မရှိမဖြစ်လိုအပ်သော နယ်ပယ်များဖြစ်သည့် သင်ယူမှု၊ ဆန်းစစ်လေ့လာမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အကောင်အထည်ဖော်မှုနှင့် အသွင်ကူးပြောင်းမှုစသည်တို့ကို သတ်မှတ်ဖော်ထုတ်ထားပါသည်။ ထို့အပြင် ၎င်းနယ်ပယ်များကို ပိုမိုပြည့်စုံစေရန် အာဏာဝေမျှမှု အပြောင်းအလဲများ၊ အဖွဲ့အစည်းကိုဗဟိုပြုခြင်းနှင့် လူထုကိုဗဟိုပြုခြင်းဆိုင်ရာ ချဉ်းကပ်မှုများ၊ **Nexus** (ဆက်စပ်ချိတ်ဆက်မှု)၊ ရာသီဥတုပြောင်းလဲခြင်း၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာသုံးကိရိယာများ အသုံးပြုခြင်းကဲ့သို့သော ကဏ္ဍစုံဖြတ်ကျော်သည့် အကြောင်းအရာများကို သုံးသပ်ဆန်းစစ်ချက်များဖြင့် ဖြည့်စွက်ထားပါ သည်။

# မာတိကာ


၅ အမှန်တကယ် အရေးပါသောအရာများ

၆ QAS နှင့်သက်ဆိုင်သည့် ရိုးရှင်းသောအသုံးအနှုန်းများ

၇ နိဒါန်း

၁၀ မိတ်ဆက်

၁ / နောက်ခံအခြေအနေ - လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများတွင် **QAS** ၏ အရေးပါသောကဏ္ဍ

၂ / **'QAS in Action'** လမ်းညွှန်အသုံးပြုပုံ - အဓိကအင်္ဂါရပ်များ

၁၂ အခန်း (က)

QAS ၏ ခြုံငုံသုံးသပ်ချက်

၁ / **QAS** မူဘောင် - ရှေ့ဆက်သွားရမည့်လမ်းပြမြေပုံ

၂ / စီမံချက်အဆင့်ဆင့်တွင် **QAS** ကျင့်သုံးမှု

၃ / လူကိုရှေးရှုခြင်း - ရပ်ရွာလူထုကိုဗဟိုပြုသော ချဉ်းကပ်မှုများ

၂၁ အခန်း (ခ)

ရပ်ရွာလူထုအဖွဲ့အစည်းမှအဖွဲ့ဝင်များ၏ အမြင်ဖြင့် QAS ကို သုံးသပ်ခြင်း

၁ / ကျွန်ုပ်၏ ဇာတိမြေနှင့် စီမံချက်

၂ / စီမံချက်တစ်လျှောက် ကျွန်ုပ်၏ ဖြတ်သန်းမှုခရီး

၃ / ကျွန်ုပ်၏ အတွေ့အကြုံအပေါ် ပြန်လည်သုံးသပ်ချက်

၂၅ အခန်း (ဂ)

အဓိကကျသော နယ်ပယ်များမှတစ်ဆင့် QAS ကို လက်တွေ့အသုံးချခြင်း

၁ / သင်ယူမှုနှင့် စွမ်းဆောင်ရည်မျှဝေခြင်း

၂ / နောက်ခံအခြေအနေ နားလည်မှုအပါအဝင် သုံးသပ်ဆန်းစစ်ခြင်း

၃ / ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေး

၄ / အကောင်အထည်ဖော်မှုနှင့် တုံ့ပြန်အကြံပြုချက်များရယူခြင်း

၅ / အသွင်ကူးပြောင်းခြင်း၊ စီမံချက်မှထွက်ခွာခြင်းနှင့် ရေရှည်တည်တံ့မှု

၄၁ အခန်း (ဃ)

QAS နှင့် သက်ဆိုင်သော ကဏ္ဍစုံဖြတ်ကျော် အကြောင်းအရာများ

၁ / အာဏာချိန်ခွင်လျှာနှင့် အားလုံးပါဝင်နိုင်မှု

၂ / အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုနှင့် လူထုကိုဗဟိုပြုသောချဉ်းကပ်မှု

၃ / HDP Nexus ၏ ချဉ်းကပ်မှုနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း

၄ / ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု

၅ / ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်ကွာဟမှုအား ပေါင်းကူးပေးခြင်း

၄၆ အခန်း (င)

QAS ကြိုးပမ်းဆောင်ရွက်မှုများကို ဦးဆောင်ခြင်း

၁ / အဖွဲ့အစည်းများအကြား ပူးတွဲနှင့် စုပေါင်းဆောင်ရွက်မှုများခြင်း ဆိုင်ရာသဘောတရားများ

၂ / ရှေ့ဆောင်လမ်းပြခြင်း - အဖွဲ့အစည်းများအကြား **QAS** ကြိုးပမ်းဆောင်ရွက်မှုများ

၃ / ***QAS*** ကို ပူးပေါင်းအသုံးချမှုဆိုင်ရာ ဥပမာများ

၅၈ အခန်း (စ)

QAS ဆိုင်ရာ နည်းလမ်းကိရိယာများနှင့် အရင်းအမြစ်များ

၁ / တစ်ဦးချင်း - လေ့လာရှာဖွေခြင်း၊ ဖတ်ရှုခြင်း၊ နားထောင်ခြင်း၊ ကြည့်ရှုခြင်း

၂ / လုပ်ဖော်ကိုင်ဖက်များနှင့် စုပေါင်း၍ - တွေ့ဆုံခြင်း၊ ပါဝင်ခြင်း၊ လေ့လာခြင်း

၃ / လူထုအဖွဲ့အစည်းများနှင့် ပူးတွဲ၍ - အစုအဝေးလုပ်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ ရှေ့ပြေးစမ်းသပ်ခြင်း

၅၉ အတိုကောက်စာလုံးများ

၆၀ ကျေးဇူးတင်လွှာ



# နိဒါန်း

## ၁/ နောက်ခံအခြေအနေ

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များတွင် QAS ၏ အဓိက ကျသော အခန်းကဏ္ဍ


အရည်အသွေး အာမခံချက်နှင့် တာဝန်ခံမှု စံနှုန်းများ **(QAS)** ဆိုသည်မှာ လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု ဆိုင်ရာလုပ်ငန်းဆောင်တာများကို ထိထိရောက်ရောက်၊ တာဝန်သိသိနှင့် ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရန် အာမခံရန်အတွက် ရေးဆွဲထားသော မူဝါဒများ၊ စံချိန်စံညွှန်းများနှင့် ကတိကဝတ်များ အစုအဝေးကို ရည်ညွှန်းပါသည်။

ဤမူဝါဒများ၊ စံချိန်စံညွှန်းများနှင့် ကတိကဝတ်များကို အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု အမျိုးမျိုးမှတစ်ဆင့် *လူသားချင်းစာနာမှုဆိုင်ရာ စံနှုန်း (CHS)၊ စဖီးယား (Sphere)၊ လူသားချင်းစာနာမှုဆိုင်ရာ စံချိန်စံညွှန်းများ မိတ်ဖက်အဖွဲ့ (HSP)* လက်အောက်မှ 'မိတ်ဖက်'များ၊ အေဂျင်စီများ *ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမြဲတမ်းကော်မတီ (IASC) ၏ ကတိကဝတ်များ*နှင့် *လမ်းညွှန်ချက်များ* *ကဲ့သို့သော လမ်းညွှန်ချက်များ*နှင့် *အထောက်အကူပြု ပစ္စည်းများအဖြစ် ပြောင်းလဲဖော်ဆောင်ခဲ့ပါသည်။*

ဘေးဒုက္ခကြုံတွေ့နေရသူများ၏ လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ပေးရန်၊ ၎င်းတို့၏ ဂုဏ်သိက္ခာကို လေးစားရန်၊ ဆုံးဖြတ်ချက်များတွင် ပါဝင်စေရန်နှင့် ၎င်းတို့၏ ဘေးကင်းလုံခြုံမှုကို သေချာစေရန် ရည်ရွယ်၍ ဤအထောက်အကူပြု ပစ္စည်းများကို လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းများတွင် ပတ်ဝန်းကျင် အခြေအနေနှင့်အညီ စနစ်တကျ ကျင့်သုံးသင့်ပါသည်။ ရပ်ရွာလူထု၊ အသုံးပြုသူနှင့် အလှူရှင်တို့၏ရှုထောင့်မှ ၎င်းတို့၏ အသုံးချမှုကို စိစစ်အတည်ပြုနိုင်ရန် စံနှုန်းများနှင့် ကတိကဝတ်များအတိုင်း လိုက်နာမှုဆိုင်ရာ ယန္တရားများကိုလည်း ရေးဆွဲထားပါသည်။ ဤယန္တရားများတွင် မိမိကိုယ်တိုင် စိစစ်ခြင်းမှသည် ပူးပေါင်းစိစစ်ခြင်းနှင့် ပြင်ပမှ အပြည့်အဝဦးဆောင် စိစစ်သည့် လုပ်ငန်းစဉ်များအထိ ပါဝင်ပါသည်။

ဤအရာအားလုံးသည် အသင့်ရှိပြီး အသုံးပြုနိုင်သော်လည်း၊ အကောင်အထည်ဖော်မှုမှာ စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်သည်။ မဟာဗျူဟာများနှင့်လုပ်ငန်းဆောင်တာများတလျှောက် QAS ကို ပင်မရေစီးကြောင်းထဲသို့ ထည့်သွင်းသည့် လုပ်ငန်းစဉ်ကိုအရှိန်မြှင့်ရန်မှာ အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ကျွန်ုပ်တို့ကူညီရန် ကြိုးပမ်းနေသည့် ရပ်ရွာလူထုများနှင့် ပြည်သူများအပေါ်အကူအညီပေးရေး အဖွဲ့အစည်းများ၏ စည်းလုံးညီညွတ်မှုနှင့် ကတိကဝတ်ကို ထင်ဟပ်ဖော်ပြနေသောကြောင့် ဖြစ်ပါသည်။





## ၂/ 'QAS IN ACTION' လမ်းညွှန်ကို အသုံးပြုပုံ – 

## အဓိကအင်္ဂါရပ်များ

HDP (လူသားချင်းစာနာမှု-ဖွံ့ဖြိုးတိုးတက်ရေး-ငြိမ်းချမ်းရေး) လုပ်ငန်းဆောင်ရွက်မှုများသည် ကွဲပြားစုံလင်သော သဘာဝအရ၊ ပုံသေနည်းတစ်ခုတည်းဖြင့် အခြေအနေအားလုံးအတွက် ကိုက်ညီမှုမရှိနိုင်သည့်အပြင်  တစ်ခုတည်းသော သို့မဟုတ် ရိုးရှင်းလွန်းသော အဖြေများကို ရှာဖွေခြင်းသည်လည်း ထိရောက်မှုကိုအားနည်းစေနိုင်ပါသည်။ **QAS** ကို အခြေအနေနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပုံဖော်ရာတွင် HDP Nexus တစ်လျှောက် လုပ်ကိုင်ဆောင်ရွက်နေကြသော ဆောင်ရွက်သူအားလုံး၏ နက်ရှိုင်းသော နားလည်မှုနှင့် အခြေအနေအရ ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ကို သိရှိရန်လိုအပ်ပါသည်။

**'QAS in Action'** ဤလမ်းညွှန်စာအုပ်သည် အကူအညီပေးရေး ဆောင်ရွက်နေသူများ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများတစ်လျှောက် **QAS** ကို အဓိပ္ပာယ်ပြည့်ဝပြီး၊ သက်ဆိုင်ရာအခြေအနေနှင့် ကိုက်ညီကာ၊ ဒေသနှင့်လိုက်လျောညီထွေဖြစ်သော ပုံစံနည်းလမ်းဖြင့် လက်တွေ့အကောင်ထည်ဖော်မှုများတွင်  အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။

ထို့ကြောင့် ဤလမ်းညွှန်စာအုပ်ပါ အခန်းများတွင် ရှုထောင့်အမျိုးမျိုး - ခြုံငုံသုံးသပ်ချက်များ၊ ရပ်ရွာလူထုအဖွဲ့အစည်းဝင်များ၏ အမြင်များ၊ အဓိကကျသော နယ်ပယ်များမှတစ်ဆင့် လက်တွေ့အသုံးချခြင်း၊ ကဏ္ဍစုံဖြတ်ကျော်နိုင်သည့် အကြောင်းအရာများ၊ ဦးဆောင်ကြိုးပမ်းမှုများ၊ နောက်ဆုံးအနေဖြင့် နည်းလမ်းကိရိယာများ နှင့် အရင်းအမြစ်များ စသည်တို့ကို ပံ့ပိုးပေးထားပါသည်။

အကူအညီပေးရေး ဆောင်ရွက်သူများသည် သင်ယူမှုများမှတစ်ဆင့် လက်တွေ့အသုံးချနိုင်မှုမှတဆင့် ချက်ချင်း ရရှိနိုင်မည့် အကျိုးကျေးဇူးများကို မကြာခဏ ရှာဖွေလေ့ရှိကြသည်။ ဤအချက်ကို **'QAS in Action'** လမ်းညွှန်စာအုပ်ကို ရေးဆွဲပြုစုရာတွင် ထည့်သွင်းစဉ်းစားထားပါသည်-

လမ်းညွှန်စာအုပ်တစ်အုပ်လုံးကို ဖတ်ရှုနိုင်သကဲ့သို့ မိမိနှစ်သက်ရာရှုထောင့်တစ်ခုကိုရွေးချယ်၍ စိတ်ဝင်စားသည့် အခန်းကို သီးသန့်ဖတ်ရှုခြင်းကိုလည်း ပြုလုပ်နိုင်ပါသည်။

# အခန်း (က)

# QAS ၏ ခြုံငုံသုံးသပ်ချက်


## ၁ / QAS မူဘောင်- လမ်းပြမြေပုံ

### QAS မဏ္ဍိုင်များနှင့် ၎င်းတို့၏ ပေါင်းစပ်ချိတ်ဆက်မှု

အရည်အသွေး (Quality)၊ တာဝန်ခံယူမှု (Accountability) နှင့် ကာကွယ်စောင့်ရှောက်ရေး (Safeguarding) တို့သည် အပြန်အလှန် ဆက်စပ်နေပြီး သီးခြားခွဲထုတ်ရန်ခက်ခဲပါသည်။

ဥပမာအားဖြင့်၊ အကူအညီပေးရေးလုပ်ငန်းဆောင်ရွက်နေသူများ၏ လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုသည် ကာကွယ်စောင့်ရှောက်ရေးစံနှုန်းများကို ထိန်းသိမ်းလိုက်နာရန် ပျက်ကွက်ခြင်းဖြစ်ပြီး၊ ယုံကြည်မှုကို အလွဲသုံးစားပြုခြင်းအားဖြင့် လူထုအသိုင်းအဝိုင်းအပေါ် တာဝန်ခံမှုကို ချိုးဖောက်ခြင်းလည်း ဖြစ်သည်။ ၎င်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို ထိခိုက်နစ်နာစေပြီး ၎င်းတို့၏ဘဝကို သက်ရောက်မှုရှိစေပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေးတစ်ခုလုံးနှင့် အကူအညီပေးရေးကဏ္ဍ၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေပါသည်။

နောက်ဥပမာတစ်ခုအနေဖြင့် ရပ်ရွာလူထုအသိုင်းအဝိုင်း၏ ရှုထောင့်အမြင်များ (တာဝန်ခံမှု) ၎င်းတို့၏ လုံခြုံရေးဆိုင်ရာ ရှုမြင်သုံးသပ်ချက် (ကာကွယ်စောင့်ရှောက်ရေး) နှင့် စီမံချက်ကို စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်နိုင်ရန် (အရည်အသွေး) စသည်တို့အတွက် ထိရောက်စွာလုပ်ဆောင်နိုင်သော တိုင်ကြားချက်နှင့် အကြံပြုချက်များကိုလက်ခံသည့် ယန္တရား (CFM) မရှိလျှင် အရည်အသွေးပိုင်းတွင် စိန်ခေါ်မှု ရှိလာနိုင်ပါသည်။






**အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အဓိက သဘောတရားများ**

အရည်အသွေး၊ တာဝန်ခံမှု နှင့် ကာကွယ်စောင့်ရှောက်ရေး (Quality, Accountability, and Safeguarding - QAS) ဆိုသည်မှာ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို ထိရောက်စွာ၊ တာဝန်သိစွာ နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ကြောင်း သေချာစေရန် ရေးဆွဲထားသည့် အခြေခံမူများ၊ စံချိန်စံညွှန်းများနှင့် ကတိကဝတ်ပြုချက်များ အစုအဝေးကို ရည်ညွှန်းပါသည်။

| အရည်အသွေး | တာဝန်ခံယူမှု | ကာကွယ်စောင့်ရှောက်ရေး |
| --- | --- | --- |
| = ထိရောက်မှု | = တာဝန်ဝတ္တရား | = ဘေးကင်းလုံခြုံမှု |
| *Dignity* | *Transparency* | *Do No Harm* |

**အရည်အသွေး** - အရည်အသွေး ဆိုသည်မှာ လူတို့၏ ဦးစားပေးရွေးချယ်မှုများကို လေးစားလိုက်နာမှုရှိသော လုပ်ငန်း ထိရောက်မှုရှိခြင်းပင် ဖြစ်ပါသည်။

**အရည်အသွေးဆိုင်ရာ စံသတ်မှတ်ချက်များမှာ** ဆီလျော်မှု (relevance)၊ ညီညွတ်ကိုက်ညီမှု (coherence)၊ ထိရောက်မှု (effectiveness)၊ စွမ်းဆောင်ရည် (efficiency)၊ သက်ရောက်မှု (impact) နှင့် ရေရှည်တည်တံ့မှု (sustainability) တို့ ဖြစ်ကြသည် **(OECD DAC ၏ အကဲဖြတ်စံနှုန်းများ)။**

**တာဝန်ခံမှု** - တာဝန်ခံမှု ဆိုသည်မှာ လူထုဗဟိုပြုချဉ်းကပ်မှုနှင့်အညီ ပါဝင်သူအားလုံး ထံသို့၊ အဓိကအားဖြင့် ထိခိုက်ခံစားရသောရပ်ရွာအသိုင်းအဝိုင်းများထံသို့ ရှင်းလင်းတင်ပြခြင်းကို ဆိုလိုပါသည်။

**တာဝန်ခံမှုကွင်းဆက်တွင်** အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အေဂျင်စီများ၊ အလှူရှင်များ၊ နိုင်ငံတော်အစိုးရများနှင့် ပြည်သူလူထု အစရှိသည့် ပါဝင်ဆောင်ရွက်သူအားလုံး ပါဝင်ပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်း၏ အဓိကအာရုံစိုက်မှုမှာ **ရပ်ရွာလူထုအသိုင်းအဝိုင်းများ** ဖြစ်ပါသည်။

**ကာကွယ်စောင့်ရှောက်ရေး (Safeguarding)** ဆိုသည်မှာ လိမ်လည်မှု၊ အဂတိလိုက်စားမှု နှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု (SEA)၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု (SH) တို့ပါဝင်သည့် လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုကျင့်မှုကဲ့သို့သော အကူအညီပေးရေးလုပ်ငန်းဆောင်ရွက်သူများ၏ မလျော်ကန်သည့်ပြုကျင့်မှုများကို ကာကွယ်တားဆီးခြင်း၊ လျော့ပါးသက်သာစေခြင်းနှင့် တုံ့ပြန်ဖြေရှင်းခြင်းတို့မှတစ်ဆင့် လူထုအသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို ကာကွယ်ခြင်းနှင့် လူတို့၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းကာကွယ်ခြင်းပင် ဖြစ်ပါသည်။

## ထိခိုက်ခံစားရသော ပြည်သူလူထုအပေါ် တာဝန်ခံယူမှု (AAP) မှသည် အားလုံးအပေါ် တာဝန်ခံမှုဆီသို့



လူသားချင်းစာနာထောက်ထားမှုဆိုင်ရာတာဝန်ခံယူမှုကို ၁၉၉၀ ပြည့်နှစ်များ၏ နှောင်းပိုင်းကာလများမှစတင်၍ ထည့်သွင်းစဉ်းစားခဲ့ကြသည်။ ၎င်းသည် ၁၉၉၄ ခုနှစ် ရဝမ်ဒါနိုင်ငံရှိ အရေးပေါ်အခြေအနေအား တုံ့ပြန်ဆောင်ရွက်ပြီးနောက် ရရှိခဲ့သော သင်ခန်းစာများဖြစ်သည့် *ရဝမ်ဒါနိုင်ငံသို့ အရေးပေါ်အကူ အညီပေးရေးဆိုင်ရာပူးတွဲ သုံးသပ်အကဲဖြတ်ခြင်း (JEEAR)* အပေါ် အခြေခံထားပြီး၊ အဓိကအားဖြင့် ထိခိုက်ခံစားရသော ပြည်သူလူထု (AAP) သို့မဟုတ် အသိုက်အဝန်းများအပေါ် တာဝန်ခံယူမှုမှတစ်ဆင့် စတင်ခဲ့ခြင်းဖြစ်သည်။

ဤချဉ်းကပ်မှုသည် ကျွန်ုပ်တို့၏ အန္တိမရည်မှန်းချက်နှင့် ကိုက်ညီသော်ငြားလည်း၊ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပြည်သူလူထုအပေါ်တွင်လည်း အကျုံးဝင်သည့် တာဝန်ခံမှုကွင်းဆက်တစ်ခုလုံးကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ရပ်ရွာအသိုက်အဝန်းများနှင့် ပြည်သူများသည် အဓိကဗဟိုချက်ဖြစ်သော်လည်း၊ တာဝန်ခံယူမှုကွင်းဆက်အပြည့်အစုံသည် သက်ဆိုင်သူအားလုံးမှ လူအားလုံးအပေါ်၌ရှိသော တာဝန်ဝတ္တရားများကို ထင်ဟပ်ပါသည်။

အလှူရှင်များ သို့မဟုတ် အဖွဲ့အစည်းများ ကိုယ်တိုင်က ပွင့်လင်းမြင်သာမှုမရှိလျှင်၊ ၎င်းတို့ ပြောဆိုသည့်အရာများနှင့် ကျင့်သုံးသင့်သည့် အချက်များအားအဖွဲ့အစည်းအတွင်း၌ လေးစားလိုက်နာမှုမရှိပါလျှင် ရပ်ရွာအသိုက်အဝန်းအဖွဲ့ဝင် AAP သည် မည်သို့အောင်မြင်နိုင်မည်နည်း။

အကူအညီပေးရေးအဖွဲ့အစည်းများက ၎င်းတို့၏ ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအား ၎င်းတို့ဝန်ဆောင်မှုပေးနေသော ရပ်ရွာအသိုက်အဝန်းများအပေါ် ထားရှိရန်တောင်းဆိုသည့် လေးစားမှုစံနှုန်းအဆင့်များအတိုင်း တန်းတူဆက်ဆံခြင်းမရှိလျှင် ကျွန်ုပ်တို့အဖွဲ့အစည်းအတွင်း မည်ကဲ့သို့ ဆီလျော်ကိုက်ညီမှု ရှိနိုင်မည်နည်း။

ဝန်ထမ်းများနှင့် မိတ်ဖက်များအားလုံးသည် ရပ်ရွာအသိုက်အဝန်းများအတွက် ပါဝင်ဆောင်ရွက်မှုအတွက် တုံ့ပြန်အကြံပြုချက်နှင့် ထိလွယ်ရှလွယ်သောတိုင်ကြားမှုဆိုင်ရာ ယန္တရားများထားရှိရန် ကြိုးပမ်းအားထုတ်မှုများကို အဖွဲ့အစည်းအတွင်း၌ ပြန်လည်သုံးသပ်ထင်ဟပ်ခြင်းများမရှိပါက အကူအညီပေးရေးကဏ္ဍသည် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်ပါသလား။

အလှူရှင်များ၏ ပြောင်းလွယ်ပြင်လွယ်မှုမရှိခြင်းကြောင့် စီမံကိန်းများ၏ လမ်းကြောင်းပြင်ဆင်မှုတွင် စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်းဆိုင်ရာ အကြံပြုချက်များအတိုင်း လိုအပ်သော အပြောင်းအလဲများကို ထင်ဟပ်ဖော်ပြနိုင်ခြင်းမရှိပါက မည်သို့ဖြစ်မည်နည်း။

ကျွန်ုပ်တို့၏ တန်ဖိုးများသည် အားလုံးအပေါ် အကျုံးဝင်ပါသည်။ ၎င်းတို့ကို ထိခိုက်လွယ်သော ရပ်ရွာအသိုက်အဝန်းများတွင် ကျင့်သုံးလိုက်နာစေရန် ကျွန်ုပ်တို့ သေချာစေလိုသော်လည်း၊ ၎င်းတန်ဖိုးများသည် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်သူများဖြစ်ကြသည့် ကျွန်ုပ်တို့တစ်ဦးချင်းစီအပေါ်၌လည်းကောင်း၊ အလှူရှင်များနှင့် ပြည်သူလူထုကဲ့သို့သော အရင်းအမြစ်များ ထည့်ဝင်ပံ့ပိုးပေးသူ များအပေါ်၌လည်းကောင်း အကျုံးဝင်ပါသည်။



အကူအညီပေးရေးကဏ္ဍတွင် အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးနေသော ရပ်ရွာအသိုက်အဝန်းများ၏ အခွင့်အရေးကို အခြေခံသည့် နိုင်ငံတကာဥပဒေများဘောင်အတွင်း ထားရှိသည်။ ဤဥပဒေများကို နားလည်ရလွယ်ကူပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်သော မူဝါဒများအဖြစ် ဘာသာပြန်ဆိုထားပါသည်။ အရည်အသွေးနှင့် တာဝန်ခံမှုဆိုင်ရာ စံနှုန်းများ (QAS) ကို မြှင့်တင်ခြင်းသည် အမှန်တကယ်တွင် ရပ်ရွာအသိုက်အဝန်းများနှင့် ပြည်သူများ၏ အခွင့်အရေးများ ကို အားဖြည့်ပေးရာရောက်ပါသည်။

- ထိခိုက်နစ်နာမှုမရှိစေရေး – အကျဉ်းချုပ်နှင့် အကျယ်
- ဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအတွက် ကျင့်ဝတ်စည်းကမ်းများ
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်စာတမ်း
- နှစ် ၈၀ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မူဝါဒများ
- ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုတို့နှင့် သက်ဆိုင်သော မူဝါဒများ

**လူသားဆန်မှု**

လူသားတို့၏ ဒုက္ခဝေဒနာများကို တွေ့ကြုံရာနေရာတိုင်းတွင် ဖြေရှင်းဆောင်ရွက်ပေးခြင်းကို ဆိုလိုပြီး၊ အထူးသဖြင့် အထိခိုက်လွယ်ဆုံးသူများကို အလေးထားသည်။

**ကြားနေမှု**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီသည် ပဋိပက္ခ သို့မဟုတ် အငြင်းပွားမှုတစ်ခုခုတွင် မည်သည့်ဘက်ကိုမျှမျက်နှာသာ မလိုက်ခြင်းကိုဆိုလိုသည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘောတရား လေးချက်**

**ဘက်မလိုက်မှု**

အကူအညီကို မည်သည့်ခွဲခြားဆက်ဆံမှုမျှမရှိဘဲ လိုအပ်ချက်အပေါ်တွင်သာ အခြေခံ၍ပေးအပ်ကြောင်း သေချာစေရန်ဖြစ်သည်။

**လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လွတ်လပ်မှု**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလွတ်လပ်သည့် ကြိုးပမ်းအားထုတ်မှုများအတွက် နိုင်ငံရေး၊ စီးပွားရေး၊စစ်ရေး သို့မဟုတ် အခြားလွှမ်းမိုးမှုများမှ အကာအကွယ်ပေးပါသည်။


## ကာကွယ်စောင့်ရှောက်ရေး မူဝါဒများ

ပြည်သူများ၏ ဘေးကင်းလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို မြှင့်တင်ပေးပြီး ဘေးအန္တရာယ်/ထိခိုက်နစ်နာမှုများနှင့် မကြုံတွေ့စေရန် ရှောင်ရှားပါ။

ပြည်သူများအား အကူအညီများကို လိုအပ်ချက်နှင့်အညီ ခွဲခြားဆက်ဆံမှုမရှိဘဲ သေသေချာချာ ရရှိနိုင်ရန် ပံ့ပိုးပါ။

ခြိမ်းခြောက်ခံရသော သို့မဟုတ် အမှန်တကယ်ဖြစ်ပွားသော အကြမ်းဖက်မှု၊ အတင်းအကျပ်စေခိုင်းမှု သို့မဟုတ် တမင်ရည်ရွယ်၍ ဆုံးရှုံးစေမှုတို့ကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသော ပြည်သူလူထုများ ပြန်လည်ထူထောင်နိုင်ရန် ကူညီပါ။

ပြည်သူများ မိမိတို့၏အခွင့်အရေးများကို တောင်းဆိုရယူနိုင်ရန် ကူညီပါ။



## လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုတို့မှ ကာကွယ်ခြင်း (PSEA)



### Zero tolerance မူဝါဒ

လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု (SEA) သည် စက်ဆုပ်စရာကောင်းသောပြစ်မှုဖြစ်ပြီး အဖွဲ့အစည်းမှ အလုပ်မှ ရပ်စဲနိုင်သည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

### ကလေးသူငယ်များနှင့် လိင်ဆက်ဆံခြင်းမပြုရ

သဘောတူညီချက် သို့မဟုတ် ဒေသဆိုင်ရာ၏ ဓလေ့ထုံးတမ်းအရ အရွယ်ရောက်ပြီးသူအဖြစ် သတ်မှတ်သည့်အသက်အရွယ်သည် မည်သို့ပင်ဖြစ်စေ၊ ကလေးသူငယ်များ (အသက် ၁၈ နှစ်အောက်) နှင့် မည်သည့်လိင်ပိုင်းဆိုင်ရာ လှုပ်ရှားမှုကိုမဆို တင်းကြပ်စွာတားမြစ်ပါသည်။

### လိင်ကိစ္စအတွက် မည်သူ့ကိုမျှ အခကြေးငွေပေးပြီး ငှားရမ်းခြင်းမပြုရန် သို့မဟုတ် တံစိုးလက်ဆောင်ပေးပြီး ဝန်ဆောင်မှုကိုအသုံးပြုခြင်းမပြုရန်

လိင်လုပ်သားများကို ငှားရမ်းခြင်းနှင့် တောင်းခံခြင်းအပါအဝင် လိင်ကိစ္စအတွက် ငွေ၊ အလုပ်အကိုင်၊ ကုန်ပစ္စည်းများဖြင့် လိင်ဝန်ဆောင်မှုများကို လဲလှယ်ခြင်းအား တားမြစ်ပါသည်။

### အကျိုးခံစားခွင့်ရှိသူများနှင့် လိင်ဆက်ဆံခြင်းမပြုရ

ရာထူးအဆင့်  သို့မဟုတ် နေရာကို အလွဲသုံးစားပြုပြီး အကျိုးခံစားခွင့်ရှိသူများနှင့် မည်သည့်လိင်ပိုင်းဆိုင်ရာ ဆက်ဆံမှုကိုမဆို တားမြစ်ပါသည်။

### SEA သံသယများကို အမြဲတမ်းသတင်းပို့ပါ

လူသားချင်းစာနာထောက်ထားမှု/ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ထမ်းများသည် လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ SEA နှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများကို သတင်းပို့ရမည်ဖြစ်ပြီး လက်တုံ့ပြန်ခြင်းမှ အကာအကွယ်ပေးထားပါသည်။

### SEA ကင်းစင်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပါ

လူသားချင်းစာနာထောက်ထားမှု/ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ထမ်းများအားလုံးသည် SEA ကင်းစင်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးထိန်းသိမ်းရမည်ဖြစ်ပြီး ၎င်းတို့၏ ကျင့်ဝတ်စည်းကမ်းများကို မြှင့်တင်ရမည်။

## ၂ / စီမံကိန်းလည်ပတ်မှုတစ်လျှောက် အရည်အသွေးနှင့် တာဝန်ခံမှုစံနှုန်းများ (QAS)

## စီမံကိန်းလည်ပတ်မှု စီမံခန့်ခွဲခြင်း (PCM)




## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်လည်ပတ်မှု (HPC)




စီမံကိန်းလည်ပတ်မှု (အဖွဲ့အစည်းအဆင့်) သို့မဟုတ် အစီအစဉ်လည်ပတ်မှု (အဖွဲ့အစည်းများအကြား အဆင့်) သည် အောက်ပါအဆင့်များဖြင့် အမြဲတမ်းပါဝင်ဖွဲ့စည်းထားသည်။ ၎င်းတွင် သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ကနဦး သုံးသပ်အကဲဖြတ်ခြင်း၊ ရေးဆွဲခြင်းနှင့် ဒီဇိုင်းပြုလုပ်ခြင်း၊ အရင်းအမြစ်များ စုစည်းပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း၊ ထွက်ခွာခြင်းနှင့် စဉ်ဆက်မပြတ်သင်ယူခြင်း။



## ဒီဇိုင်းရေးဆွဲခြင်းမှ သုံးသပ်အကဲဖြတ်ခြင်းအထိ စီမံကိန်း သို့မဟုတ် အစီအစဉ်လည်ပတ်မှု၏ အဆင့်တစ်ခုစီတွင် အရည်အသွေးနှင့် တာဝန်ခံမှုစံနှုန်းများ (QAS) မည်သို့ကိုက်ညီအံဝင်ပုံ


အရည်အသွေးနှင့် တာဝန်ခံယူမှုစံနှုန်းများ (QAS) ဆိုင်ရာ မဟာဗျူဟာများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို စီမံကိန်း သို့မဟုတ် အစီအစဉ်လည်ပတ်မှု၏ အဆင့်အားလုံးတွင် ထည့်သွင်းပေါင်းစပ်ထားသည်။ QAS ကိရိယာများကို တစ်ခါတစ်ရံ မတူညီသောအဆင့်များတွင်ဖြစ်စေ၊ လည်ပတ်မှုတစ်လျှောက်လုံးတွင်ဖြစ်စေ အသုံးပြုနိုင်သည်။

ဥပမာအားဖြင့်၊ သုံးသပ်အကဲဖြတ်ရေး စစ်ဆေးရန်စာရင်းတစ်ခုကို ပတ်ဝန်းကျင်အခြေအနေကို နားလည်ပြီး အခြေခံအညွှန်းဘောင်တစ်ခု ဖန်တီးရန်အတွက် ကနဦး သုံးသပ်အကဲဖြတ်ရာတွင်လည်းကောင်း၊ လုပ်ဆောင်ချက်တစ်ခုအတွင်း စောင့်ကြည့်စစ်ဆေးရန် သို့မဟုတ် နောက်ဆုံးသုံးသပ်အကဲဖြတ်ခြင်းအတွက်လည်းကောင်း အသုံးပြုနိုင်သည်။

ပိုမိုအသေးစိတ်ကျသော တင်ပြမှုများနှင့် လမ်းညွှန်မှုများနှင့်၊ လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်နေသူများအတွက် ဘက်စုံချဉ်းကပ်မှုတစ်ခုကို အဆိုပြုထားသည့် *"စီမံကိန်းလည်ပတ်မှု စီမံခန့်ခွဲခြင်းအတွက် အရည် အသွေးနှင့် တာဝန်ခံမှု"* လက်စွဲစာအုပ်ကို ကိုးကားနိုင်ပါသည်။ ၎င်း၏အောက်တွင် ဓာတ်ပုံတစ်ပုံကိုလည်း ထည့်သွင်းရန်လိုအပ်ပါသည် (မျှဝေပေးပါမည်)။

## စီမံကိန်း သို့မဟုတ် အစီအစဉ်လည်ပတ်မှု စီမံခန့်ခွဲခြင်း (PCM) – ပြန်လည်ပုံဖော်ရန် လိုအပ်သော စံနမူနာတစ်ခု

မကြာသေးမီက ပြုလုပ်ခဲ့သော သုံးသပ်ချက်များအရ စီမံကိန်း သို့မဟုတ် အစီအစဉ်လည်ပတ်မှုသည် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ပုံဖော်ရာတွင် အဖွဲ့အစည်းကိုသာ ဘက်လိုက်လေ့ရှိပြီး ဒေသအခြေပြုချဉ်းကပ်မှုကို လုံးဝအဟန့်အတားဖြစ်စေသော နည်းလမ်းတစ်ခုဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းသည် ဆောင်ရွက်ပြီးမြောက်ခဲ့သည့်အရာများကို ဘောင်ခတ်ပြီး ပုံဖော်ရန်နှင့် ရှင်းလင်းဖော်ပြရန်အတွက် ဘုံနည်းလမ်းတစ်ခုကို ပေးအပ်သော်လည်း၊ လုံလောက်စွာ အဆင့်ဆင့် ပြန်လည်သုံးသပ်ပြုပြင်နိုင်ခြင်းနှင့် ပြောင်းလွယ်ပြင်လွယ်မှုရှိခြင်း မဖြစ်နိုင်ပါ။



၃/ ပြည်သူလူထုကို ရှုးစားပေးခြင်း – ရပ်ရွာလူထုအသိုက်အဝန်းကို ဗဟိုပြုသော ချဉ်းကပ်မှုများ အဖွဲ့အစည်းကို ဗဟိုပြုခြင်းမှ ရပ်ရွာအသိုက်အဝန်းနှင့် ပြည်သူလူထုကိုဗဟိုပြုသော ကျင့်ထုံးများဆီသို့ ပြောင်းလဲခြင်း

### ဒီဇိုင်းရေးဆွဲခြင်းမှ သုံးသပ်အကဲဖြတ်ခြင်းအထိ စီမံကိန်း သို့မဟုတ် အစီအစဉ်လည်ပတ်မှု၏ အဆင့်တစ်ခုစီတွင် အရည်အသွေးနှင့် တာဝန်ခံယူမှုစံနှုန်းများ (QAS) မည်သို့ကိုက်ညီအံဝင်ပုံ

စီမံကိန်းလည်ပတ်မှုနှင့် ပတ်သက်၍ အထက်တွင် ဆွေးနွေးခဲ့သည့်အချက်သည် ကျွန်ုပ်တို့အား အဖွဲ့အစည်းကို ဗဟိုပြုသော ချဉ်းကပ်မှုသို့ ပြန်လည်ရောက်ရှိစေသည်။ ဤချဉ်းကပ်မှုသည် အလားအလာရှိပြီး အဓိပ္ပါယ်ပြည့်ဝသောအပြောင်းအလဲဖြစ်သည့် အဖွဲ့အစည်းရှုထောင့်မှ ရပ်ရွာအသိုက်အဝန်းနှင့် ပြည်သူလူထုကို ဗဟိုပြုသောချဉ်းကပ်မှုဖြစ်ပေါ်စေရေးသည် အလွန်ရှည်ကြာသည့် ဖြစ်စဉ်ဖြစ်ကြောင်း သက်သေပြနေသည်။

အဖွဲ့အစည်းများထက် ဒေသခံအသုံးပြုသူများကို ဦးစားပေးခြင်းသည် ပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီသော ချဉ်းကပ်မှုတစ်ခုကို အထောက်အကူပြုပြီး၊ ရပ်ရွာအသိုက်အဝန်း သို့မဟုတ် ပြည်သူကို ဗဟိုပြုသော ချဉ်းကပ်မှုတစ်ခုဖြစ်သည်။

## အကူအညီပေးရေး ဆောင်ရွက်သူများအတွက် အကြံပြုချက်များ

- ‘ပြည်သူလူထု၏နေရာတွင် မိမိကိုယ်ကို ဝင်ရောက်ခံစားကြည့်ပါ’
- ‘ဤအဖြစ်အပျက်သည် သင် သို့မဟုတ် သင့်မိသားစုအပေါ် ကျရောက်သည်ဟု စိတ်ကူးကြည့်ပါ’
- ‘သင်သည် မည်သို့သော ဆက်ဆံမှုပုံစံကို ခံယူလိုသနည်း’
- ‘မည်သို့သော ပါဝင်ဆောင်ရွက်မှုမျိုးသည် သင့်အတွက် စိတ်ကျေနပ်မှု ရှိစေမည်နည်း’
- ‘ဦးစားပေးလုပ်ငန်းစဉ်များကို သင်မည်သို့ရွေးချက်လိုပါသနည်း’

## အရည်အသွေးနှင့် တာဝန်ခံမှုစံနှုန်းများ (QAS) ကို အသုံးပြုရလွယ်ကူ၊ လက်လှမ်းမီရရှိနိုင်ပြီး မတူညီသော ပတ်ဝန်းကျင်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ခြင်း

အရည်အသွေးနှင့် တာဝန်ခံမှုစံနှုန်းများ (QAS) ကို ပင်မလုပ်ငန်းစဉ်အဖြစ် ထည့်သွင်းနိုင်ပြီး မည်သည့် စီမံကိန်းအတွက်မဆို လက်လှမ်းမီရရှိနိုင်ပြီး လိုက်လျောညီထွေဖြစ်အောင် ပြုပြင်နိုင်သော အစိတ်အပိုင်း တစ်ခု ဖြစ်လာစေနိုင်ပါသည်။ ဥပမာ ဘာသာစကားကို ရိုးရှင်းလွယ်ကူအောင် ပြုလုပ်ခြင်း၊ သင်တန်းများကို စိတ်ဝင်စားဖွယ် ဖြစ်အောင်ပြုလုပ်ခြင်း၊ ကိရိယာများကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ခြင်း၊ ရပ်ရွာ လူထုအသိုက်အဝန်းကို ပါဝင်စေခြင်း၊ အလုပ်ဖြစ်ပြီး ဘေးကင်းလုံခြုံသော တုံ့ပြန်အကြံပြုချက်လမ်းကြောင်း များ သေချာအောင် ထားရှိခြင်း။ ပွင့်လင်းမြင်သာမှုကို တည်ဆောက်မြှင့်တင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်မှု ရှိခြင်းနှင့် စွမ်းဆောင်ရည်များကို မျှဝေခြင်းတို့မှတစ်ဆင့် ပြုလုပ်နိုင်ပါသည်။

ဤအဆင့်များသည် QAS ကို ၎င်းဝန်ဆောင်မှုပေးရန် ရည်ရွယ်ထားသည့် ပြည်သူများနှင့် ထပ်တူကျပြီး၊ အသုံး ပြုရလွယ်ကူသော ရပ်ရွာလူထုအသိုက်အဝန်းကို ဗဟိုပြုချဉ်းကပ်မှုကိုအခြေခံသည့် လမ်းညွှန်ချက် အစုအဝေး တစ်ခုအဖြစ်တစ်ခုအဖြစ်သို့ ပြောင်းလဲပေးနိုင်သည်။





# အခန်း (၁)
# QAS အပေါ် ရပ်ရွာအသိုက်အဝန်းထဲမှ အဖွဲ့ဝင်တစ်ဦး၏ အမြင်

## ၁/ ကျွန်ုပ်၏ နေရပ်ဒေသနှင့် စီမံကိန်း

ရပ်ရွာလူထုအဖွဲ့ဝင်တစ်ဦးအနေဖြင့် စီမံချက်ဖြစ်စဉ်တစ်လျှောက်တွင် ကျွန်ုပ်၏လိုအပ်ချက်များကို ဦးစားပေးပုံ၊ ကျွန်ုပ်အသံကိုနားထောင်ခဲ့ပုံနှင့် စီမံချက်အဆင့်တိုင်းတွင် ကျွန်ုပ်တို့၏ ဘေးကင်းလုံခြုံမှု ကိုရှိစေရန်အတွက် ဤစီမံကိန်းက ထင်ဟပ်စေခဲ့ပါသည်။



## ၂/ စီမံကိန်းတစ်လျှောက် ကျွန်ုပ်၏ခရီးလမ်း
## သင်ယူခြင်းနှင့် စွမ်းဆောင်ရည် မျှဝေခြင်း

**ကျွန်ုပ်၏ အတွေ့အကြုံ–**
အစပိုင်းတွင် အသိပညာပေးဆွေးနွေးမှုကဏ္ဍအချို့တွင် ပါဝင်တက်ရောက်ရန် ကျွန်ုပ်အား ဖိတ်ကြားခဲ့ပါသည်။ ဆွေးနွေးမှုတွင် စီမံကိန်း၏ ရည်ရွယ်ချက်များ၊ ကျွန်ုပ်၏ အခွင့်အရေးများနှင့် ကျွန်ုပ်တို့ကို စီမံကိန်းမှ ကာကွယ်စောင့်ရှောက်ပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အတွက် မည်သို့ပုံဖော်ရေးဆွဲထားသည်ကို ကျွန်ုပ်သင်ယူခဲ့ရပါသည်။ တက်ရောက်ခဲ့သော သင်တန်းသည် ကျွန်ုပ်၏ အတွေးအမြင်များနှင့် စိုးရိမ်ပူပန်မှုများကို မျှဝေရန်အတွက် အားပေးတိုက်တွန်းနိုင်ခဲ့သည့်အပြင်၊ ကျွန်ုပ်အား သတင်းအချက်လက်များပိုမိုသိရှိစေပြီး ယုံကြည်မှုပိုရှိလာသည်ဟု ခံစားခဲ့ရပါသည်။

**ကျွန်ုပ်ရရှိသော အကျိုးကျေးဇူးများ–**
ယခု၊ စီမံကိန်း၏ လုပ်ငန်းလည်ပတ်ပုံနှင့် အဖွဲ့အား မည်ကဲ့သို့ တာဝန်ခံရမည်ကို ကျွန်ုပ်နားလည်သဘော ပေါက်ခဲ့ရပါသည်။ စီမံကိန်းသည် ကျွန်ုပ်၏ ရပ်ရွာလူထုအသိုက်အဝန်းကို မည်သို့မည်ပုံ ဘေးကင်းလုံခြုံစေမည်ကို ကျွန်ုပ်သိရှိထားသည့်အပြင်၊ အိမ်နီးချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များကိုလည်း သတင်းအချက်အလက်များ မျှဝေပေးနိုင်ပြီဖြစ်သည်။ ကျွန်ုပ်တို့၏ လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းပေးရန်အတွက် ကန့်သတ်ချက်များနှင့် စိန်ခေါ်မှုများရှိနေသည်ကို သိရှိနားလည်ပြီး၊ စီမံကိန်းတွင် ပါဝင်ပံ့ပိုးကူညီနိုင်မည့် နည်းလမ်းများကို ကျွန်ုပ်ဖော်ထုတ် စဉ်းစားထားပြီး ဖြစ်ပါသည်။

**QAS လုပ်ဆောင်ချက် –** ပေးအပ်မည့်သင်တန်းကို ဒေသခံများ၏ လိုအပ်ချက်များနှင့်ကိုက်ညီပြီး အားလုံး ပါဝင်နိုင်အောင်မွမ်းမံပြင်ဆင်ရပါသည်၊ အထူးသဖြင့် ကျွန်ုပ်တို့ရရှိသောမြေပြင်အခြေအနေအရ ရပ်ရွာ အသိုက်အဝန်းအတွင်း လျစ်လျူရှုခြင်းခံရသောသူများဖြစ်သည့် အလွန်ထိခိုက်လွယ်သူများကိုဆိုလိုပါသည်။

## အခြေအနေနားလည်သဘောပေါက်မှုပါဝင်သည့် ဆန်းစစ်လေ့လာခြင်း

**ကျွန်ုပ်၏အတွေ့အကြုံ –** စီမံချက်လုပ်ဆောင်သူများ ကျွန်ုပ်တို့၏ရပ်ရွာဒေသသို့ လာရောက်ဆန်းစစ် အကဲဖြတ်သောအချိန်တွင် ကျွန်ုပ်တို့၏လိုအပ်ချက်များ၊ ကျွန်ုပ်နှင့် အိမ်နီးချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၏ ပြောကြားချက်များကို မေးမြန်းခဲ့ပါသည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အလိုအပ်ဆုံးဖြစ်သောအရာများအပေါ် ကျွန်ုပ်၏ထင်မြင်ချက်များကိုလည်း မျှဝေပေးခဲ့ပါသည်။

ကျွန်ုပ်တို့၏ပြောကြားချက်များကို ၎င်းတို့တန်ဖိုးထားပြီးနားထောင်ပေးခဲ့သည်ကို ဝမ်းသာပီတိဖြစ်မိပြီး၊ ကျွန်ုပ်တို့အကြံပြုချက်များကို အသုံးပြုကာ ကျွန်ုပ်တို့အတွက်အလုပ်ဖြစ်မည့် ပုံစံကိုပူးပေါင်းဖန်တီးပေးနေသည် ဟုခံစားမိပါသည်။

**ကျွန်ုပ်ရရှိသော အကျိုးကျေးဇူးများ –** စီမံချက်ပုံစံရေးဆွဲရာတွင် ကျွန်ုပ်၏အကြံပြုပြောကြားချက်များကိုအသုံးပြုသည်ဟုသိရှိရသောကြောင့် ကျွန်ုပ်အပေါ်အလေးပေးနားထောင်ပြီး လေးစားမှုပေးခံရသည်ဟု ခံစားမိပါသည်။

**QAS လုပ်ဆောင်ချက် –** စီမံကိန်းအစီအစဉ်များသည် ကျွန်ုပ်တို့ရပ်ရွာအဖွဲ့အစည်းထံမှရရှိသော အချက်အလက် အစစ်အမှန်များဖြင့်ရေးဆွဲထားသည်ကို သေချာစေရန် အဖွဲ့က ကျွန်ုပ်တို့ကိုတိုက်ရိုက်ပါဝင်စေပါသည်။ သူတို့သည် ကျွန်ုပ်တို့ရင်ဆိုင်နေရသော ဖြစ်နိုင်ခြေရှိသောဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများကိုထည့်သွင်းစားပြီး၊ စီမံချက်ကြောင့် ကျွန်ုပ်တို့ရပ်ရွာဒေသအပေါ်ဆိုးကျိုးများမသက်ရောက်စေရန် ကျိန်းသေစေပါသည်။

## ပူးပေါင်းဆောင်ရွက်ခြင်း နှင့် မိတ်ဖက်များ



**ကျွန်ုပ်၏အတွေ့အကြုံ –** စီမံချက်များတိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ကျွန်ုပ်နှင့် ရပ်ရွာဒေသခံအဖွဲ့ဝင်များကို ဒေသခံအဖွဲ့အစည်းများ၊ အစိုးရ ကိုယ်စားလှယ်များနှင့်အတူ အစည်းအဝေးပွဲများ တက်ရောက်ရန်အတွက် ဖိတ်ကြားခံခဲ့ရပါသည်။ ကျွန်ုပ်တို့အားလုံး အတူတကွလက်တွဲပြီး လုပ်ဆောင်နိုင်ဖို့ နည်းလမ်းများအတွက် ကျွန်ုပ် အတွေးအမြင်များကို ထည့်သွင်းဆွေးနွေးခဲ့ပြီး၊ ကျွန်ုပ်၏အသံသည် ဆွေးနွေးမှုများထဲတွင် အရေးပါသည်ဟု ကောင်းကောင်းခံစားခဲ့ရပါသည်။ ကျွန်ုပ်တို့ရပ်ရွာဒေသခံအဖွဲ့ဝင်များသည် စီမံချက်များပေါ်ပေါက်လာခြင်းကို ကြည့်ရှုမြင်တွေ့ခဲ့ရုံသာမက ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့ရပါသည်။

**ကျွန်ုပ်ရရှိသော အကျိုးကျေးဇူးများ –** ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များတွင် ကျွန်ုပ်တို့ပါဝင်နိုင်ခြင်းအားဖြင့် ဤစီမံချက်များသည် ကျွန်ုပ်တို့ကိုပေးအပ်သောအရာများအဖြစ်မဟုတ်ဘဲ အမှန်တကယ် ကျွန်ုပ်တို့အတွက်ဖြစ်သည်ဟုခံစားမိစေပါသည်။ ကျွန်ုပ်နှင့် ကျွန်ုပ်ရပ်ရွာဒေသ၏အနာဂတ်အတွက် ဆုံးဖြတ်ချက်ချသည့်လုပ်ငန်းစဉ်များတွင် ကျွန်ုပ်၏ အကြံပေးပြောကြားချက်များ အရေးပါသည်ဟု သိရှိရသောခံစားချက်သည် ကျွန်ုပ်အား အားတက်စေပါသည်။ ထို့အပြင် ရပ်ရွာဒေသကိုယ်စား ကျွန်ုပ်တာဝန်ယူသောအခန်းကဏ္ဍအတွက် ကျွန်ုပ်၏ အိမ်နီးချင်းများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များ၏ အသိအမှတ်ပြုခြင်းကို ခံခဲ့ရပြီး ကျေးဇူးတင်ခြင်းကိုလည်း ခံခဲ့ရပါသည်။

**QAS လုပ်ဆောင်ချက် –** စီမံကိန်းအား ဒေသတွင်းအဖွဲ့များနှင့် နီးကပ်စွာ ဘယ်လိုရှေ့ဆက်ဆောင်ရွက်သွားမလဲဆိုတာအပေါ်မှာ တစ်ဦးချင်းစီအနေနဲ့ အမြင်ပြောခွင့်ရရှိအောင် ကျွန်ုပ်တို့ ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်းအဖွဲ့ဝင်များသည် ကျွန်ုပ်တို့အား လုပ်ငန်းစဉ်နားလည်ရန်နှင့် သူတို့သည် ကျွန်ုပ်တို့အပေါ်တာဝန်ခံရန် သေချာအောင်ပြုလုပ်ခဲ့ပါသည်။

## လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် အကြံပြုချက်ကွင်းဆက်

**ကျွန်ုပ်၏အတွေ့အကြုံ –** ရပ်ရွာဒေသအတွင်း စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်စဉ်ကာလတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ပါဝင်နိုင်သောအရာများဖြစ်သည့် ဝန်ဆောင်မှုအသစ်များ၊ ဖွံ့ဖြိုးတိုးတက်လာသောအဆောက်အအုံများနှင့် လုပ်ငန်းစဉ်များကိုတွေ့ရှိလာရပါသည်။ ကျွန်ုပ်၏အကြံပြုချက်များကို တိုင်ကြားမှုနည်းလမ်းများဖြစ်သည့် - ဆွေးနွေးပွဲများ၊ အကြံပြုစာ ပုံးများ၊ အရေးပေါ်ဖုန်းလိုင်းများနှင့် လူကိုယ်တိုင်အကြံပြုခြင်းများ စသည်ကဲ့သို့သောနည်းလမ်းများမှတဆင့်ပေးစွမ်းနိုင်ရန် ကျွန်ုပ်အားတောင်းဆိုခဲ့ပါသည်။ ကျွန်ုပ်သည် လုပ်ငန်းစဉ်များ လည်ပတ်မှုအပေါ် ကျွန်ုပ်၏အတွေးအမြင်များကို မျှဝေပေးနိုင်ခဲ့ပါသည်။ လုပ်ငန်းစဉ်များအတွင်း တစ်စုံတစ်ခု အလုပ်မဖြစ်ခဲ့လျှင် စီမံချက်အဖွဲ့သားများ နားထောင်ပေးပြီး ညှိနှိုင်းပြင်ဆင်ချက်များလည်း ပြုလုပ်ခဲ့ပါသည်။

**ကျွန်ုပ်ရရှိသော အကျိုးကျေးဇူးများ –** ကျွန်ုပ်ပေးခဲ့သောအကြံပြုချက်များသည် စီမံချက်တိုးတက်ကောင်းမွန်ရေး အတွက်အသုံးပြုသောကြောင့် တန်ဖိုးခံရသည်ဟုခံစားမိပါသည်။ ပြဿနာတစ်စုံတစ်ခုအတွက် ကျွန်ုပ်တွင်ပြော ဆိုနိုင်ခွင့်ရှိသည့်အတွက် လုံခြုံမှုရှိခြင်းနှင့် လေးစားခံရမှုရှိသည်ဟု သိရှိခံစားရပါသည်။ ဝန်ထမ်းများ၏ လက်မခံ နိုင်သောအပြုအမူများအတွက် ကျွန်ုပ်ဘက်မှတိုင်းကြားနိုင်ပြီး နောက်ဆက်တွဲအရေးယူမှုလုပ်ငန်းစဉ်များ (စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များ) ရှိလိမ့်မည်ကိုသိရပါသည်။

**QAS လုပ်ဆောင်ချက် –** ကျွန်ုပ်ဘက်မှအကြံပြုချက်များပေးနိုင်ပြီး တကယ့်စစ်မှန်သောပြောင်းလဲမှုများဖြစ်ပေါ် စေရန် စီမံချက်မှကျိန်းသေစေပါသည့်အပြင် အကူအညီပေးရေးလုပ်ငန်းဆောင်ရွက်သူများမှ လက်မခံနိုင်သော အပြုအမူများပြုမူလာပါက အမည်မသိသူအနေနှင့်တိုင်ကြားနိုင်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ရပ်ရွာဒေသအတွက်လုံခြုံမှုရှိစေပါသည်။ ခြုံငုံပြီးပြောရမည်ဆိုလျှင် စီမံချက်သည်ကျွန်ုပ်တို့၏လိုအပ်ချက်များအပေါ် တက်ကြွစွာတုံ့ပြန်ဆောင်ရွက်ပေးပြီး ပြုလွယ်ပြောင်းလွယ်ရှိပါသည်၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ တိုင်းတာချက်များသည် ကျွန်ုပ်တို့ကိုကာကွယ်ရန် အမြဲတမ်းအဆင်သင့်ရှိနေမည်ဖြစ်ပါသည်။

## ကူးပြောင်းခြင်း၊ ထွက်ခွာခြင်းနှင့် ရေရှည်တည်တံ့မှု

**ကျွန်ုပ်၏အတွေ့အကြုံ –** စီမံချက်လက်စသတ်ချိန်တွင် အဖွဲ့သည် ကနဦးချမှတ်ထားသောဗျူဟာအတိုင်း လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကျွန်ုပ်တို့နှင့် ဒေသခံအဖွဲ့အစည်းများအဆင်သင့်ဖြစ်စေရန် ထောက်ပံ့ကူညီပေးခဲ့ပါသည်။ ၎င်းတို့အဖွဲ့အစည်းထွက်ခွာသွားပြီးနောက် စီမံချက်၏လုပ်ငန်းစဉ်များဆက်လက် တည်တံ့နိုင်ကြောင်း ဆွေးနွေးပြောကြပြီး၊ စီမံချက်ပြီးဆုံးသွားလျှင် ရရှိခဲ့သောအကျိုးကျေးဇူးများ မပျောက်ကွယ်နိုင်ကြောင်းကို သိရှိရခြင်းဖြင့် ကျွန်ုပ်တို့စိတ်အေးရပါသည်။

**ကျွန်ုပ်အပေါ်အကျိုးကျေးဇူးဖြစ်ထွန်းခြင်း –** ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်တည်တံ့မည်ကို ကျွန်ုပ်ယုံ ကြည်ပါသည်။ စီမံချက်သည် ရေရှည်တည်တံ့ရှိသည့်အရာကို တည်ဆောက်ပေးခဲ့သည်ကို သိရသည့် အတွက် စီမံချက်လုပ်ဆောင်သည့်အဖွဲ့သားများ ထွက်ခွာသွားသည့်တိုင် ကျွန်ုပ်တို့၏ရပ်ရွာဒေသမှ ဆက်လက်လုပ်ဆောင်သွားမည်ကို သိရှိရပါသည်။

**QAS လုပ်ဆောင်ချက် –** အစကနဦးကတည်းကပင် ဒေသခံများဆက်လက်လုပ်ဆောင်နိုင်ရန် စီမံကိန်းကို ရေရှည်တည်တံ့နိုင်သည့်ပုံစံဖြစ်အောင်ရေးဆွဲထားပါသည်။ စီမံချက်သည် တည်ဆောက်ခဲ့သောစနစ်များ ခိုင်ခံ့စွာ ဆက်လက်တည်ရှိစေရန် ကျိန်းသေစေပါသည်။

## ၃/ ကျွန်ုပ်တွေ့ကြုံခဲ့သည့် အရာများကို ပြန်လည်သုံးသပ်ခြင်း ကျွန်ုပ်၏ခံစားချက်

ဤစီမံချက်သည် ကျွန်ုပ်အားအသိအမှတ်ပြုခံပြီးပါဝင်စေခြင်း၊ လေးစားခံရခြင်းနှင့် အကာအကွယ်ပေးခံရခြင်း စသည်တို့ကို ခံစားမိစေပါသည်။ ကျွန်ုပ်၏အသံသည်အရေးပါသည်ဟုခံစားရပြီး၊ ရပ်ရွာလူထုအသိုင်းအဝိုင်း၏ ကျန်းမာပျော်ရွှင်ခြင်းသည် ဆုံးဖြတ်ချက်တိုင်းနှင့် လုပ်ဆောင်မှုတိုင်းအတွက် ပဓာနကျသည့်အချက်ဖြစ်ခဲ့ပါသည်။

**ရပ်ရွာလူထုအဖွဲ့အစည်းမှ အဖွဲ့ဝင်များ၏ရှုထောင့်**

**QAS ၏အဓိကကျသောနယ်ပယ်**

ကျွန်ုပ်သည် အသိပညာဗဟုသုတကြွယ်ဝလာပြီး စီမံချက်တွင်ပါဝင် ပံ့ပိုးကူညီနိုင်အောင် တိုက်တွန်းအားပေးခြင်း ခံခဲ့ရပါသည်။ | သင်ယူလေ့လာခြင်း

ကျွန်ုပ်၏အကြံပေးပြောဆိုချက်များသည် စီမံချက်အတွက် ကျွန်ုပ်တို့ အခြေအနေ၏ လိုအပ်ချက်များနှင့်ကိုက်ညီအောင် ဖော်ဆောင်ပေး ပါသည်။ | ခွဲခြမ်းစိတ်ဖြာဆန်းစစ်ဝေဖန်ခြင်း

စီမံချက်အား ကျွန်ုပ်တို့၏လိုအပ်ချက်များအပေါ် အာရုံထားနိုင်အောင် တခြားသူများနှင့်အတူလက်တွဲပြီး အလုပ်လုပ်ခဲ့ပါသည်။ | ပူးပေါင်းဆောင်ရွက်ခြင်း

စီမံချက်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်ုပ်၏အတွေးအမြင်များနှင့် အကြံပြုချက်များကို မျှဝေခွင့်ရခဲ့ပါ သည်။ | လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် အကြံပြုချက်စက်ဝန်း

စီမံချက်အဖွဲ့ ရုတ်သိမ်းသွားသော်လည်း စီမံချက်မှအကျိုးကျေးဇူးများ ဆက်လက်ဖြစ်ထွန်းနေမည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ | ကူးပြောင်းခြင်း၊ ထွက်ခွာခြင်းနှင့် ရေရှည်တည်တံ့မှု



အခန်း ၈

# အဓိကအရေးပါသော နယ်ပယ်ရေိယာများတွင် QAS ကိုအသုံးပြုခြင်း

လူသားချင်းစာနာထောက်ထားခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းစသည့်တို့ လွှမ်းခြုံပါဝင်သည့် ယေဘုယျအချက်ငါးချက်များဖြစ်သည့် လေ့လာသင်ယူခြင်း၊ ဆန်းစစ်ဝေဖန်ပိုင်းခြားခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့် ကူးပြောင်းခြင်းစသည်တို့ကို သေချာစွာ သတ်မှတ်ဖော်ထုတ်ထားပါသည်။ ဤနယ်ပယ်များသည် စီမံချက်ဆက်ကွင်း၏ အဆင့်များနှင့်လွယ်ကူစွာ ချိတ်ဆက်နိုင်ပြီး စီမံချက် (သို့) ပရိုဂရမ်များထက် လူထုကိုဗဟိုပြုသည့်ချဉ်းကပ်မှုနည်းလမ်းကို ထပ်ဟပ် စေပါသည်။

### သင်ယူလေ့လာခြင်း

စဉ်ဆက်မပြတ်လေ့လာခြင်းနှင့် သင်တန်းများတက်ရောက်ခြင်းသည် တာဝန်ခံယူမှုနှင့် ဘေးကင်းလုံခြုံရေး ဆိုင်ရာ (QAS) ယဉ်ကျေးမှုကိုမြှင့်တင်ပေးပြီး၊ လုပ်ငန်းဆောင်တာများအားလုံးတွင် တိုးတက်မှုရှိစေရန်နှင့် QAS ကို ပင်မလုပ်ငန်းစဉ်အဖြစ် ထိရောက်စွာ ပေါင်းစပ်ထည့်သွင်းနိုင်ရန် အာမခံပါသည်။

### ခွဲခြမ်းစိတ်ဖြာဆန်းစစ်ဝေဖန်ခြင်း

QAS ကို ကျင့်သုံးခြင်းဖြင့် လိုအပ်ချက်များ၊ ဖြစ်နိုင်ခြေရှိသောအန္တရာယ်များနှင့် မြေပြင်အခြေအနေများ မှရရှိသော အချက်အလက်များနှင့် ရပ်ရွာလူထု၏ အကြံပြုချက်များစသည့် နစ်မျိုးစလုံးသည် လုပ်ငန်း ဆောင်တာများအတွက် သင့်လျော်အပ်စပ်ပြီး တိကျမှန်ကန်သည့် အခြေခံအုတ်မြစ်များဖြစ်ရန် သေချာစေပါသည်။

### ပူးပေါင်းဆောင်ရွက်ခြင်း

QAS သည် ဒေသခံ ပြည်သူလူထုများ၊ NGO များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် အစိုးရများ အပါအဝင် သက်ဆိုင်သူအားလုံးကို တန်းတူညီမျှသော မိတ်ဖက်များအဖြစ် ပူးပေါင်းပါဝင်စေပြီး၊ ဘုံရည်မှန်းချက်များကို ညှိနှိုင်းမှုရှိစွာဖြင့် စုပေါင်းဖော်ဆောင်နိုင်ရန် စွမ်းဆောင်ပေးပါသည်။

### လက်တွေ့အကော်အထည်ဖော်ခြင်း

အချိန်နှင့်တပြေးညီ အကြံပြုချက် တိုင်ကြားချက် စနစ်ယန္တရားများရှိခြင်းဖြင့် စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေး မှုများကို ပိုမိုတိုးတက်လာ စေနိုင်ပြီး ပြင်ဆင်ထိန်းညှိမှုများမှတစ်ဆင့် စီမံချက်အကောင်အထည်ဖော်နိုင်မှု အရည်အသွေး တိုးတက်လာစေနိုင်ပါသည်။

### ကူးပြောင်းခြင်း၊ ထွက်ခွာခြင်းနှင့် ရေရှည်တည်တံ့မှု

စီမံချက်ရေရှည်တည်တံ့မှုရှိစေရေးအတွက် ကျိန်းသေစေရေန် စီမံချက်အစကနဦးစပြီး ကူပြောင်း ရေးကာလနှင့် ပိတ်သိမ်းချိန်အထိ QAS ကိုအစဉ် တစိုက်အသုံးပြုသင့်ပါသည်။



# ၁ / သင်ယူခြင်းနှင့် စွမ်းရည်မျှဝေခြင်း

**အဓိက ဆက်စပ်သည့်အယူအဆများ –** ကြိုတင်ပြင်ဆင်မှုများ၊ထိခိုက်မှုမရှိစေရေးမူ၊ အလေ့အကျင့်အကောင်းအဆိုးများ၊ ကြိုတင်ပြင်ဆင်ထားမှုများ၊ စဉ်ဆက်မပြတ်သင်ယူလေ့လာခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် မျှဝေခြင်း၊ ဗဟုသုတစီမံခန့်ခွဲမှု၊ စမ်းသပ်ခြင်း ချိန်ညှိခြင်း၊ ဆန်းသစ်တီထွင်ခြင်း၊ ဒေသတွင်းဦးစားပေးမှုမြှင့်တင်ခြင်း၊

**အကျဉ်းချုပ် –** ဤနယ်ပယ်သည် မရှိမဖြစ်လိုအပ်သည့် အလေ့အကျင့်အကောင်းအဆိုးများကို ခွဲခြမ်းလေ့လာ ဆန်းစစ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်မှုများကို အသုံးချကာ စဉ်ဆက်မပြတ် သင်ယူမှုနှင့် ကြိုတင်ပြင်ဆင်မှုကို အခြေခံထားသည်။ ဤကိရိယာများကို ဒေသအခြေအနေအရ ကိုက်ညီအောင် လုပ်ဆောင်ရန်၊ ပြင်ဆင်ရန်နှင့် စမ်းသပ်ရန်အတွက် ကောင်းမွန်သောအချိန်ဖြစ်သည်။ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်တိုးတက်စေခြင်း နှင့် ရပ်ရွာလူထုအတွင်း အသိညာမျှဝေခြင်းတို့သည် စီမံကိန်း ဆောင်ရွက်မှုဖြစ်စဉ်တစ်လျှောက်တွင် ထိခိုက်မှုမဖြစ်စေရန် အရေးကြီးသည်။ စွမ်းဆောင်ရည် များတိုးတက်လာအောင် မြှင့်တင်မှုနိုင်ယုံမျှမက စွမ်းဆောင်ရည်မျှဝေခြင်းသည် စီမံချက်အောင်မြင်ရန်အတွက်လည်း အထောက်အကူပြုသည်။

**အဘယ်ကြောင့် အရေးကြီးသနည်း –** ရှုပ်ထွေးပြီး မတည်ငြိမ်သော ပတ်ဝန်းကျင်များတွင် HDP Nexus မှတစ်ဆင့် စဉ်ဆက်မပြတ် သင်ယူခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။ "သင်ယူ – စမ်းသပ် – အသုံးချ" (learn-test-apply) စက်ဝန်းက အဖွဲ့အစည်းများကို အရည်အသွေးကောင်းမွန်သောအဆင့်သို့ ရောက်ရှိနိုင်စေပြီး ပြောင်းလဲနေသော ပတ်ဝန်းကျင်များနှင့် မြန်ဆန်စွာ လိုက်လျောညီထွေဖြစ်စေရန် ကူညီပေးသည်။ ဤသင်ယူမှု လုပ်ငန်းစဉ်သည် အကူအညီပေးရေးကဏ္ဍရှိ လုပ်ဆောင်မှုအားလုံး၏ ဗဟိုချက် အဖြစ်ကျန်ရှိနေမည်ဖြစ်သည်။

**မည်သည့်အချိန်တွင် အသုံးပြုသင့်သနည်း –** စဉ်ဆက်မပြတ် သင်ယူမှုသည် အကျပ်အတည်းမရှိသော အချိန်များတွင် ပိုမို လုပ်ဆောင်သင့်သည်။ ဤကာလအတွင်း ရပ်ရွာလူထု၏ နှစ်သက်မှုများကို နားလည်နိုင်ရန်၊ ၎င်းတို့ကို ပါဝင်စေရန် နှင့် ချဉ်းကပ်မှုများကို စမ်းသပ်ပြီး ပြန်လည်ကောင်းမွန်အောင် ပြုပြင်ရန်ဖြစ်သည်။

**မည်သို့ အကောင်အထည်ဖော်မည်နည်း –** လူထုအပေါ်ဗဟိုပြုသောအပြုအမူ၊ နားထောင်ခြင်းစွမ်းရည်နှင့် လေးစားမှုတို့သည် အလွန်အရေးကြီးသည်။ ထို့အပြင် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများကို ထပ်မံဖြည့်စွက်ကာ ပျော့ပျောင်းသော စွမ်းရည်များသည် ကျွန်ုပ်တို့ လုပ်ဆောင်နေသော ရပ်ရွာလူထုများ၏ အကျိုးအတွက် စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်နှင့် တီထွင်ဆန်းသစ်ပြီး ထိရောက်သော ထောက်ခံအားပေးမှုကို လုပ်ဆောင်နိုင်သည်။

**ပူးပေါင်းဆောင်ရွက်မှုမှ ရရှိနိုင်သော အကျိုးကျေးဇူးများ –** အရင်းအမြစ်များအတွက် ယှဉ်ပြိုင်မှုများ ရှိနေသော်လည်း၊ သင်ယူမှုအတွက် အဖွဲ့လိုက် စုပေါင်းပူးပေါင်းချဉ်းကပ်မှုများကို ဦးစားပေးခြင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုချင်းလုပ်ဆောင်ခြင်းထက် ပိုမိုအကျိုးဖြစ်ထွန်းစေပါသည်။



## အောင်မြင်မှုအတွက် အဓိကမေးခွန်းများ

- ✓ သင်ယူမှုအတွက် အချိန်ကို သင်၏ အလုပ်အစီအစဉ်တွင် သီးသန့် ခွဲဝေထားပါသလား။
- ✓ ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်ဖော်ပြချက်များတွင် သင်ယူမှုဆိုင်ရာ အကြောင်းအရာများ ထည့်သွင်းဖော်ပြထားပါသလား။
- ✓ သင်ယူမှုလုပ်ငန်းစဉ်တွင် ရပ်ရွာလူထုများကို မည်သို့ပါဝင်စေပါသနည်း။
- ✓ သင်၏ အဖွဲ့အစည်းတွင် သီးသန့် သင်ယူမှုမဟာဗျူဟာ ရှိပါသလား။
- ✓ QAS နှင့် ပတ်သက်၍ စွမ်းရည်မြှင့်တင်ရေး လှုပ်ရှားမှုများ သို့မဟုတ် စွမ်းရည်မျှဝေမှု လုပ်ဆောင်ချက်များ (ဥပမာ – သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းပို့ချ သူများအတွက် သင်တန်း) ရှိပါသလား။
- ✓ QAS နှင့် ပတ်သက်သည့် e-learning သင်ခန်းစာများကို မဖြစ်မနေရန် သတ်မှတ်ထားမှုရှိပါသလား။
- ✓ QAS နှင့်ပတ်သက်သော လက်တွေ့ကျသော အထောက်အပံ့များကို လိုအပ်ချိန်တိုင်း ပံ့ပိုးပေးထားပါသလား။
- ✓ QAS အကောင်အထည်ဖော်မှုမှ ရရှိသောသင်ခန်းစာများကို မှတ်တမ်းတင်ပြီး အခြားအသိုင်းအဝိုင်းများနှင့် မျှဝေထားပါသလား။

## အရင်းအမြစ်များနှင့် ကိရိယာများ

- ☐ Sphere လက်စွဲစာအုပ်
  အနိမ့်ဆုံးစံနှုန်းများ၏ အခြေခံအုတ်မြစ်
- ☐ CHS ကတိကဝတ်များ
  - ကတိကဝတ် ၃ – လူများနှင့် ရပ်ရွာလူထုများသည် ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက် ပိုမိုပြင်ဆင်ထားပြီး ပိုမိုခံနိုင်ရည်ရှိလာစေရန်။
  - ကတိကဝတ် ၄ – လူအများ သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန်
  - ကတိကဝတ် ၆ – ပူးပေါင်းညှိနှိုင်းမှုနှင့် အားဖြည့်အထောက်အကူပြုရန်
  - ကတိကဝတ် ၇ – အကြံပြုချက်များနှင့် သင်ယူမှုများအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် တိုးတက်အောင် ပြုပြင်လုပ်ဆောင်ခြင်း
  - ကတိကဝတ် ၈ – ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို လေးစား၍၊ လိုအပ်သည့်အရည်အချင်းများဖြင့် လေ့ကျင့်ပြီး၊ ကောင်းမွန်စွာ စီမံခန့်ခွဲထားကြောင်း သေချာစေခြင်း။
- ☐ Humanitarian Standards Partnership: သင်ယူမှု မဟာဗျူဟာ (ဥပမာ – LEGS (တိရစ္ဆာန်မွေးမြူရေး အရေးပေါ် လမ်းညွှန်ချက်များနှင့် စံနှုန်းများ)
- ☐ စွမ်းရည်မြှင့်တင်ခြင်းနှင့် သင်တန်းပေးခြင်းဆိုင်ရာ ပလက်ဖောင်းများ Kaya, PHAP, UNITAR (ဆရာဖြစ်သင်တန်းပေးခြင်းပုံစံ)
- ☐ ALNAP's Guide on Evaluation of Humanitarian Action: အကဲဖြတ်မှုများမှတစ်ဆင့် သင်ယူမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို တိုးတက်စေရန် လမ်းညွှန်ချက်
- ☐ လုပ်ငန်းခွင်အဖွဲ့များ Norcap,RedR တို့နှင့် ချိတ်ဆက်ထားသော AAP/PSEA လုပ်ငန်းခွင်အဖွဲ့များ၊ ရုတ်တရက် လိုအပ်လာပါက အမြန်ဖြည့်တင်းနိုင်သော လုပ်ငန်းခွင်အဖွဲ့၊ IASC ၏ AAP/PSEA အကူအညီပေးရေးဌာန၊ IASC ၏ AAP လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းများ

## ဆောင်ရန်

- ✅ လက်လှမ်းမီနိုင်သော နည်းလမ်းများဖြင့် QAS အခြေခံမူများ၊ စံနှုန်းများနှင့် ကတိကဝတ်များအပေါ် အသိပညာပေးမှုများကို စဉ်ဆက်မပြတ် မြှင့်တင်ရန် ကြိုတင်ပြင်ဆင်ပါ။
- ✅ နောက်ဆက်တွဲစာချုပ် ဖြစ်သည့် *Sphere လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ* ပဋိညာဉ်စာတမ်းကို အခြေခံလိုက်နာရမည့်ကျင့်ဝတ်စည်းကမ်း အဖြစ် ဝန်ထမ်းတစ်ဦးချင်းစီ၏စာချုပ်တွင် ထည့်သွင်းပြီး အတူတကွ ဖတ်ရှုစေပါ။
- ✅ သင်ယူမှုများသည် စီမံချက်စက်ဝန်း၏ ကနဦးအဆင့်နှင့် လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ပါဝင်ကြောင်း သေချာစေပါ။
- ✅ ရန်ပုံငွေ အဆိုပြုလွှာများတွင် သင်ယူမှုများကို ထည့်သွင်းပါ။
- ✅ ဒေသအလိုက်၊ ပူးပေါင်း၍ သင်ယူမှုနှင့် လေ့ကျင့်ရေးဗျူဟာများကို ရေးဆွဲပါ။
- ✅ ပေါင်းစပ်ချဉ်းကပ်နည်းများကို အများဆုံးအသုံးချ၍ ဒစ်ဂျစ်တယ်အသုံးပြုမှု အရင်းအမြစ်များ (အီလက်ထရောနစ်-သင်တန်းများ၊ လက်လှမ်းမီနိုင်သော အွန်လိုင်းဗျူဟာများ၊ လူထုပါဝင်သည့်လေ့ကျင့်ခြင်းများ စသည်) ကိုအသုံးပြုပါ။

## ရှောင်ရန်

- ❌ ဘေးအန္တရာယ်မကျရောက်မီ သင်ယူခြင်းသည် အလွန်အရေးကြီးပါသည်။ ထိုအဆင့်ကို မကျော်သင့်ပါ။
- ❌ စီမံချက်ကာလတစ်လျှောက်လုံးတွင် အောင်မြင်မှုနှင့် မှားယွင်းမှုများမှ သင်ယူမှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ရန် သေချာစေပါ။
- ❌ အွန်လိုင်းမှ ကိုယ်တိုင်လေ့လာခြင်းတစ်ခုတည်းကိုသာ အားမကိုးပါနှင့်။ ထိုနည်းလမ်းသည် အချက်အလက်များကို နှိုင်းယှဉ်ဆန်းစစ်ခြင်းနှင့် ပြည့်စုံစွာ နားလည်နိုင်ခြင်းကို အာမခံပေးနိုင်ခြင်း မရှိပါ။ ထို့ကြောင့် ပေါင်းစပ်လေ့လာမှု နည်းလမ်းများသည် မရှိမဖြစ်လိုအပ်ပါသည်။
- ❌ လူများ 'သိထားသင့်သည်' သို့မဟုတ် 'မှတ်မိသင့်သည်' ဟု မယူဆပါနှင့်။ ပြန်လည်သင်ကြားခြင်းများသည် မရှိမဖြစ်လိုအပ်ပါသည်။
- ❌ လေ့ကျင့်ရေး (training) နှင့် သင်ယူမှု (learning) ကို မရောထွေးပါစေနှင့်။ သင်ယူမှု မဟာဗျူဟာ (learning strategy) သည် အောင်မြင်သော စွမ်းရည်မြှင့်တင်ရေးနှင့် ဗဟုသုတမျှဝေမှုအတွက် အဓိကသော့ချက် ဖြစ်ပါသည်။



## ၂ / ဆန်းစစ်လေ့လာခြင်း
## အခြေအနေကို နားလည်သဘောပေါက်ခြင်း



**အဓိက ဆက်စပ်သည့်အယူအဆများ –** အချက်အလက်အခြေပြု ဆန်းစစ်လေ့လာခြင်း၊ လိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်ခြင်း၊ သက်သေအထောက်အထား အခြေပြု သတင်းအချက်အလက်များစုဆောင်းခြင်း၊ ဖြစ်နိုင်ခြေအန္တရာယ်ကို ဆန်းစစ်လေ့လာခြင်း၊ အခြေအနေနှင့် ကိုက်ညီအောင် လုပ်ဆောင်ခြင်း

**အကျဉ်းချုပ် –** ဤနယ်ပယ်သည် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းဖြစ်ပြီး မြေပြင်အခြေအနေ၊ အန္တရာယ်များနှင့် လိုအပ်ချက်များကို စုံလင်စွာ ဆန်းစစ်လေ့လာရပါမည်။ ဒေသခံလူထု၏ အမြင်များနှင့် တုံ့ပြန်ချက်များကို ပေါင်းစပ်ထည့်သွင်းခြင်းအားဖြင့် အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများသည် ပိုမိုသက်ဆိုင်စေပြီး တာဝန်ခံမှုရှိစေနိုင်ပါသည်။

**အဘယ်ကြောင့် အရေးကြီးသနည်း –** မြေပြင်အခြေအနေကို နားလည်နိုင်ခြင်းသည် လူမှုအသိုင်းအဝိုင်း၏ သီးသန့်လိုအပ်ချက်များနှင့် ကိုက်ညီအောင် ကြားဝင်ဆောင်ရွက်နိုင်ရန်၊ ထို့ပြင် အန္တရာယ်များကို လျှော့ချရန် အရေးကြီးပါသည်။

**မည်သည့်အချိန်တွင် အသုံးပြုသင့်သနည်း –** မည်သည့်လုပ်ငန်းစဉ်တိုင်းကိုမဆို မစတင်မီကတည်းက လိုအပ်သလို ဆန်းစစ်လေ့လာရမည်။ ထို့အပြင် အခြေအနေများ ပြောင်းလဲလာသည့်အခါတိုင်း စဉ်ဆက်မပြတ် ဆန်းစစ်ရန် လိုအပ်ပါသည်။ ပုံမှန်ဆန်းစစ်မှုများသည် အပြောင်းအလဲများကို ကြိုတင်ခန့်မှန်းနိုင်စေပြီး စီမံကိန်းများကို လိုအပ်သလို ချိန်ညှိနိုင်ပါသည်။

**မည်သို့ အကောင်အထည်ဖော်မည်နည်း –** အချက်အလက် ဆန်းစစ်လေ့လာမှု ကိရိယာများ၊ ပါဝင်ဆောင်ရွက်မှု မက်ထရစ် (participatory matrix) များကိုအသုံးပြုပါ။ ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရပ်ရွာလူထုများထံမှ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပါ။ တွေ့ရှိချက်များကို ဆုံးဖြတ်ချက်ချရာတွင် အခြေခံအသုံးချပြီး တာဝန်ခံယူမှုရှိစေရန် သေချာလုပ်ဆောင်ပါ။

**ပူးပေါင်းဆောင်ရွက်မှုမှ ရရှိနိုင်သော အကျိုးကျေးဇူးများ –** အဖွဲ့အစည်းများအကြား ပူးပေါင်း၍ မြေပြင်အခြေအနေဆန်းစစ်မှုများကို ပြုလုပ်သည့်အခါ နားလည်မှုများအပြန်အလှန် တိုးတက်လာစေပြီး ပူးပေါင်းတာဝန်ခံယူ အားထုတ်မှုများကို များစွာထောက်ပံ့ပေးနိုင်သည့်အပြင် ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် လူထုဗဟိုပြု ချဉ်းကပ်နည်းကို အထူးဖော်ပြနိုင်သည်။

## အောင်မြင်မှုအတွက် အဓိကမေးခွန်းများ

- ✓ လိုအပ်ချက်ဆန်းစစ်မှုများ နှင့် ဖြစ်နိုင်ခြေအန္တရာယ်ဆန်းစစ်မှုများတွင် လူမှုအဖွဲ့အစည်း၏ ပံ့ပိုးကူညီမှုများသည် မည်သို့ ထင်ဟပ်နေသနည်း။
- ✓ အကြံပြုမှုနှင့် တိုင်ကြားမှု (Feedback & Complaints) ယန္တရားများ ရှိပါသလား။ ၎င်းတို့သည် အမှန်တကယ် အလုပ်လုပ်နေပါသလား။ (ဆိုလိုသည်မှာ လူထု၏ နှစ်သက်မှုများနှင့် ကိုက်ညီပြီး ဘေးကင်းလုံခြုံမှုရှိစေသလား။)
- ✓ အသုံးပြုသည့် သတင်းအချက်အလက်အရင်းအမြစ်များသည် မှန်ကန်မှု၊ ယုံကြည်စိတ်ချရမှုနှင့် အချိန်နှင့်တပြေးညီ ဖြစ်ပါသလား။
- ✓ မြေပြင်အခြေအနေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုများကို ပုံမှန်ဆန်းစစ်ပြီး မိတ်ဖက်အဖွဲ့အစည်းများ အကြား မျှဝေနေပါသလား။
- ✓ အခြေအနေများ ပြောင်းလဲလာသည်နှင့်အမျှ ခွဲခြမ်းစိတ်ဖြာမှုများကို လိုက်လျောညီထွေ ပြောင်းလဲနိုင်သည့် ယန္တရား ရှိပါသလား။

## အရင်းအမြစ်များနှင့် ကိရိယာများ

- ☐ Sphere နှင့် HSP လက်စွဲစာအုပ်များ
  မတူညီသော အခြေအနေများတွင် လိုအပ်ချက်များကို အကဲဖြတ်ခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုများကို အကောင်ထည်ဖော်နိုင်ရန် အတွက် ကမ္ဘာအလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အကဲဖြတ်ဆန်းစစ်ရမည့် စာရင်းများ
- ☐ CHS (Core Humanitarian Standard) ကတိကဝတ်များ
  - ကတိကဝတ် ၂ – အချိန်မီ လက်လှမ်းမီနိုင်မှုနှင့် ထိရောက်သော အထောက်အပံ့များ ရရှိခြင်း
  - ကတိကဝတ် ၄ – လူအများ သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေခြင်း
  - ကတိကဝတ် ၆ – ပူးပေါင်းညှိနှိုင်းမှုနှင့် အားဖြည့်အထောက်အကူပြုခြင်း
  - ကတိကဝတ် ၇ –အကြံပြုချက်များနှင့် သင်ယူမှုများအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် တိုးတက်အောင် ပြုပြင် လုပ်ဆောင်ခြင်း
- ☐ IASC မြေပြင်အခြေအနေဆန်းစစ်မှုများ
  ဒေသတွင်းအခြေအနေများကို ဆန်းစစ်ရန် အထောက်အကူပြုသည့် ကိရိယာများတွင် ပဋိပက္ခ၊ ဖြစ်နိုင်ခြေရှိသောအန္တရာယ် နှင့် ထိခိုက်လွယ်မှုတို့ကို အကဲဖြတ်ဆန်းစစ်မှု တို့ပါဝင်သည်။
- ☐ IASC AAP/PSEA Toolkits
  ဆန်းစစ်လေ့လာမှုများတွင် ရပ်ရွာလူထု၏ အမြင်များ နှင့် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ အချက်များကို ပေါင်းစပ်ထည့်သွင်း လာနိုင်စေရန် အထောက်အကူပြုပေးသည်။
- ☐ ဘေးအန္တရာယ်စီမံခန့်ခွဲမှု မူဘောင်များ
  (ဥပမာ- ကုလသမဂ္ဂ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုမူဝါဒ) စီမံချက်အတွင်း ဘေးအန္တရာယ် များကို နားလည်စေရန်နှင့် လျော့ပါးအောင် လုပ်ဆောင်နိုင်စေရန် မရှိမဖြစ်လိုအပ်
- ☐ လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက်များ ခြုံငုံသုံးသပ်မှု နှင့် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်၊ ဒေသအဆင့် လိုအပ်ချက်များကို လေ့လာဆန်းစစ်ခြင်း



## ဆောင်ရန်

- ☑ မြေပြင်အခြေအနေဆိုင်ရာ ဆန်းစစ်လေ့လာမှုများမှန်ကန်စေရန် သတင်းအချက်အလက် စုဆောင်းမှုသည် ပြည့်စုံပြီး အချိန်နှင့်တပြေးညီဖြစ်ရမည့်အပြင် အရင်းအမြစ်မျိုးစုံမှ စစ်ဆေးအတည်ပြုပြီး အသုံးချပါ။
- ☑ ဒေသခံရပ်ရွာလူထု၏ အသိပညာဗဟုသုတ၊ ယဉ်ကျေးမှု၊ ဦးစားပေးမှုများ၊ ထိုးထွင်းသိမြင်နိုင်မှုများ သိရှိနိုင်စေရန် ကနဦးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်မှစ၍ လူထုကို ပါဝင်စေပါ။
- ☑ ဒေသအတွင်းအခြေအနေများ ပြောင်းလဲလာသည့်အခါ ပုံမှန် ပြန်လည်သုံးသပ်ပြီးလိုက်လျောညီထွေမှုရှိအောင် ဆန်းစစ်လေ့လာမှုများကို စဉ်ဆက်မပြတ် ပြုပြင် ဆောင်ရွက်ပါ။
- ☑ လုပ်ငန်းအကောင်ထည်ဖော်သည့်အဆင့်များတွင် ဖြစ်နိုင်ချေရှိသည့် ထိခိုက်မှုများကို လျော့ပါးနိုင်စေရန်နှင့် ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်အကဲဖြတ်ချက်များ ဆုံးဖြတ်ချက်များချရာတွင် ကို အသုံးပြုပါ။
- ☑ ညှိနှိုင်းထားသောချဉ်းကပ်မှုနည်းလမ်းများနှင့် ဘုံသဘောတူနားလည်မှုများကိုသေချာစေရန် သင့်၏ ဆန်းစစ်လေ့လာမှုများကို မိတ်ဖက်များနှင့် သက်ဆိုင်သူများထံ မျှဝေပါ။

## ရှောင်ရန်

- ✗ စီမံချက်လုပ်ငန်းများကို ဒီဇိုင်းရေးဆွဲရာတွင် ခေတ်နှင့်မလျော်ညီမှုမရှိခြင်း သို့မဟုတ် မပြည့်စုံသော သတင်းအချက်အလက်များအပေါ် မှီခိုခြင်းမပြုပါနှင့်
- ✗ ဒေသခံရပ်ရွာလူထုများကို ဆန်းစစ်လေ့လာခြင်း လုပ်ငန်းစဉ်မှ ချန်လှပ်မထားပါနှင့် ထိုသို့လုပ်ဆောင်မိပါက အဓိကကျသော ဒေသခံများ၏အမြင်များ ပျောက်ဆုံးနိုင်သည့် အပြင် နောင်အနာဂတ်တွင် တာဝန်ယူမှုများ လျော့ပါးလာနိုင်သည်။
- ✗ ပြောင်းရန်ခက်ခဲသောစီမံချက်များ မပြုလုပ်ပါနှင့်။ မြေပြင်အခြေအနေဆိုင်ရာ ဆန်းစစ်လေ့လာမှုနှင့်အတူ အခြေအနေပေါ်လိုက်၍ ပြောင်းလဲတိုးတက်နေသင့်ပါသည်။
- ✗ ပြင်ပအန္တရာယ်များ (ဥပမာ- နိုင်ငံရေးမတည်ငြိမ်မှု၊ သဘာဝဘေးအန္တရာယ်၊ စီးပွားရေးဆိုင်ရာ အကြောင်းအရာများ) ၏သက်ရောက်မှုများကို လျစ်လျူမရှုပါနှင့်။
- ✗ ဆန်းစစ်လေ့လာမှုများကို သင့်အဖွဲ့အစည်းအတွင်း သီးသန့်လုပ်ဆောင်ခြင်းကို မလုပ်ပါနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် တိကျမှန်ကန်မှုကို ခိုင်မာစေပြီး နောက်ဆုံးတွင် တာဝန်ခံယူမှုကို တိုးမြှင့်စေပါသည်။



## ၃ / ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိတ်ဖက်ဖွဲ့ခြင်း

**အဓိက ဆက်စပ်သည့်အယူအဆများ –** ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ မိတ်ဖက်ဖွဲ့ခြင်းဆိုင်ရာ မဟာဗျူဟာများ (partnership) ပူးတွဲတာဝန်ခံယူမှု၊ ဒေသခံပိုင်ဆိုင်မှု

**အကျဉ်းချုပ် –** ဤနယ်ပယ်သည် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းဖြစ်ပြီး ဒေသခံရပ်ရွာလူထုများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) နှင့် အစိုးရများကပူးပေါင်း၍ QAS ကို ပေါင်းစပ်အသုံးချနိုင်ရန် အထောက်အကူပြုသည်။ ထိရောက်သော ညှိနှိုင်းရေး နည်းလမ်းများသည် အထောက်အထားများ စုဆောင်းခြင်း၊ အပြောင်းအလဲများ တိုင်းတာခြင်းနှင့် QAS ကို ပူးတွဲမြှင့်တင်ခြင်းတွင် အရေးပါသည်။

**အဘယ်ကြောင့် အရေးကြီးသနည်း –** မည်သည့်အဖွဲ့အစည်းမျှ တစ်ဖွဲ့တည်းဖြင့် အောင်မြင်နိုင်မည်မဟုတ်ပါ။ ခိုင်မာသော မိတ်ဖက်ဆက်ဆံရေးများ တည်ဆောက်ခြင်းနှင့် ရပ်ရွာလူထုများကို အစောပိုင်းကတည်းက ပါဝင်စေခြင်းသည် ဒေသခံပိုင်ဆိုင်မှုကို သေချာစေပြီး QAS ရလဒ်များကို ပိုမိုကောင်းမွန်စေပါသည်။

**မည်သည့်အချိန်တွင် အသုံးပြုသင့်သနည်း –** စီမံချက်စက်ဝန်း တစ်လျှောက်လုံးတွင် အသုံးပြုသင့်သည်။ ရပ်ရွာလူထုများနှင့် မိတ်ဖက်များ စောစီးစွာ ထိတွေ့ဆက်ဆံခြင်းသည် အောင်မြင်မှုအတွက် အခြေခံဖြစ်သည်။

**မည်သို့ အကောင်အထည်ဖော်မည်နည်း –** ဒေသအလိုက် ညှိနှိုင်းရေး ယန္တရားများ ဖန်တီးပြီး ကိရိယာများကို မျှဝေသုံးစွဲခြင်းဖြင့် သက်ဆိုင်သူအားလုံး၏ ဆက်သွယ်ဆောင်ရွက်မှု နှင့် ပူပေါင်းပါဝင်မှုကို ထိန်းသိမ်းပါ မိတ်ဖက်များနှင့် ရပ်ရွာလူထုများ၏ တိုးတက်မှုကို ပုံမှန် ပြန်လည်သုံးသပ်၍ လိုအပ်သလို ပြုပြင်ပြောင်းလဲပါ

**ပူးပေါင်းဆောင်ရွက်မှုမှ ရရှိနိုင်သော အကျိုးကျေးဇူးများ –** အရင်းအမြစ်များနှင့် ဗဟုသုတများ ပေါင်းစည်းခြင်းသည် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုခိုင်မာစေပြီး လုပ်ဆောင်မှုများကို ပိုမိုတည်တံ့အောင်လုပ်ပေးသည့်အပြင် လူထုဗဟိုပြုချဉ်းကပ်မှုကို အောင်မြင်စွာ တည်ဆောက်နိုင်ပါသည်။



### အောင်မြင်မှုအတွက် အဓိကမေးခွန်းများ

- ✓ ဒေသခံ ရပ်ရွာလူထုများကို အဓိပ္ပာယ်ရှိသော ဆွေးနွေးမှုများနှင့် ဆုံးဖြတ်ချက်ချမှုများတွင် ပါဝင်စေပါသလား။
- ✓ မိတ်ဖက်ဆက်ဆံရေးများကို ရှင်းလင်းသော အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများဖြင့် တည်ထောင်ထားပြီး ရှင်းလင်းစွာသတ်မှတ်ကာ တက်ကြွစွာ ပါဝင် ဆောင်ရွက်နေပါသလား။
- ✓ မိတ်ဖက်အဖွဲ့အစည်းများအကြား ကြိုးပမ်းအားထုတ်မှုများကို ညှိနှိုင်းရန်အတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပလက်ဖောင်းများ သို့မဟုတ် ကိရိယာများ ထားရှိပါသလား။
- ✓ ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်များ (အပြောင်းအလဲ၏ အထောက်အထားများ) ကို မည်သို့ မှတ်တမ်းတင်ပြီး မျှဝေပါသနည်း။
- ✓ QAS ကို စုပေါင်းအသုံးပြုနိုင်ရန်အတွက် ယန္တရားများ ထားရှိပါသလား

### အရင်းအမြစ်များနှင့် ကိရိယာများ

- ☐ **CHS (Core Humanitarian Standard) ကတိကဝတ်များ -**
  - ကတိကဝတ် ၄ – လူအများ သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေခြင်း
  - ကတိကဝတ် ၆ – ပူးပေါင်းညှိနှိုင်းမှုနှင့် အားဖြည့်အထောက်အကူပြုခြင်း
  - ကတိကဝတ် ၇ – အကြံပြုချက်များနှင့် သင်ယူမှုများအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် တိုးတက်အောင် ပြုပြင်လုပ်ဆောင်ခြင်း
- ☐ **Sphere နှင့် HSP** လက်စွဲစာအုပ်များ - အခြားအဖွဲ့အစည်းများ၊ ကဏ္ဍအလိုက် ပူးပေါင်းညှိနှိုင်းရန် လမ်းညွှန်ချက်များပါဝင်ပြီး ဝန်ဆောင်မှု ပေးအပ်မှုကို ပိုမိုထိရောက်စေရန် ကူညီပေးသည်။
- ☐ **IASC မိတ်ဖက်ဖွဲ့မှု အခြေခံမှုများ -** တန်းတူညီမျှမှု၊ ပွင့်လင်းမြင်သာမှု၊ ရလဒ်ဦးတည်ချဉ်းကပ်မှု၊ တာဝန်ရှိမှု၊ ဖြည့်ဆည်းဆောင်ရွက်ပေးမှု
- ☐ IASC AAP/PSEA စုပေါင်းတာဝန်ခံယူမှုဆိုင်ရာ အခြေခံမှုများ - စုပေါင်းတာဝန်ခံယူမှု၊ ကာကွယ်စောင့်ရှောက်မှုနှင့် ရပ်ရွာလူထုအပါအဝင် ချိတ်ဆက်ဆောင်ရွက်မှုများဖြင့် ပေါင်းစပ်ထားသည့် ပူးတွဲချဉ်းကပ်မှုနည်းလမ်းများကို အာရုံစိုက်သည်။
- ☐ မိတ်ဖက်ဖွဲ့ခြင်း အကဲဖြတ်ဆန်းစစ်သည့် ကိရိယာများ (ဥပမာ ကုလသမဂ္ဂ မိတ်ဖက်ဖွဲ့ခြင်းဆိုင်ရာလမ်းကြောင်း) မိတ်ဖက်ဆက်ဆံရေးများကို အကဲဖြတ်ဆန်းစစ်ရန်နှင့် ခြေရာခံနိုင်ရန် အသုံးချနိုင်သည်
- ☐ ညှိနှိုင်းရေး ပလက်ဖောင်းများ (ဥပမာ ကဏ္ဍအလိုက် ညှိနှိုင်းရေးအဖွဲ့များ၊ NGO မိတ်ဖက်ပေါင်းစည်းထားသောအဖွဲ့များ)အဖွဲ့အစည်းများ ပေါင်းစုံ ပူးပေါင်းညှိနှိုင်းခြင်းအားဖြင့် ပူးပေါင်းကြိုးပမ်းမှုများ မြှင့်တင်ပေးသည်။
- ☐ နားလည်မှုစာချွန်လွှာ မိတ်ဖက်ဖွဲ့မှုများအတွက် အသုံးပြုသည့် စာချုပ်ပုံစံများ သည် QAS သက်ဆိုင်ရာ တာဝန်ဝတ္တရားများကို ပြတ်သားစွာ ဖော်ပြထားပြီး တာဝန်ရှိမှုကို အတိအကျ ရှိစေရန် အထောက်အကူပြုသည်။

## ဆောင်ရန်


- ယုံကြည်မှုနှင့် ရေရှည်တည်တံ့မှု တည်ဆောက်ရန်အတွက် စီမံချက်အစောပိုင်းကတည်းက ဒေသခံရပ်ရွာလူထုများ၊ မိတ်ဖက်အဖွဲ့များနှင့် အစိုးရသက်ဆိုင်သူများကို ပါဝင်စေပါ။
- အစကနဦးမှ မိတ်ဖက်အဖွဲ့များအားလုံးနှင့် ရှင်းလင်းသော ဆက်သွယ်ဆောင်ရွက်ရေးနှင့် ပူးပေါင်းညှိနှိုင်းမှု ယန္တရားများကို တည်ထောင်ပါ။
- မိတ်ဖက်အဖွဲ့အားလုံး၏ဆက်ဆံရေး ထိရောက်မှုကို ပုံမှန်အကဲဖြတ်ပြီး လိုအပ်သလို အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင် ပါ။
- ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ ဆုံးဖြတ်ချက်ချနိုင်သည့် အခွင့်အာဏာများ ကို ဒေသခံအဖွဲ့အစည်းများထံ မျှဝေခြင်းနှင့် လွှဲပြောင်းပေးခြင်း ဖြင့် ဒေသခံပိုင်ဆိုင်မှု (local ownership) ကို ဦးစားပေးပါ။
- အောင်မြင်မှုများကို မျှဝေပြီး စိန်ခေါ်မှုများအတွက် တာဝန်ခံယူမှုကို မိတ်ဖက်အဖွဲ့များ အားလုံးနှင့် အတူတကွ မျှဝေပါ။

## ရှောင်ရန်

- ဒေသခံမိတ်ဖက်များကို လက်အောက်ခံအဖြစ် မဆက်ဆံပါနှင့်။ ၎င်းအစား တန်းတူညီမျှပြီး အပြန်အလှန် အကျိုးရှိသော ဆက်ဆံရေးများကို ဖြစ်စေပါ။
- ပူးပေါင်းညှိနှိုင်းမှုကို လျစ်လျူမရှုပါနှင့် သို့မဟုတ် အဖွဲ့အချင်းချင်းကြားပြုလုပ်သော ပူးပေါင်းညှိနှိုင်းရေး အစည်းအဝေးများကို ပျက်ကွက်ခြင်း မပြုပါနှင့်။
- အရင်းအမြစ်များရရှိမှုအတွက် ယှဉ်ပြိုင်မှုကိုရှောင်ကြဉ်ပါ။ ပိုမိုထိရောက်သော အကျိုးသက်ရောက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံမဟာဗျူဟာများအပေါ်တွင်သာ အာရုံစိုက်ပါ။
- သင်ခန်းစာများကို မှတ်တမ်းတင်ခြင်းနှင့် သက်ဆိုင်သူအားလုံးနှင့် မျှဝေခြင်း၏ အရေးကြီးမှုကို လျစ်လျူမရှုပါနှင့်။
- အခြေအနေတစ်ခုသည် အားလုံးအတွက် ကိုက်ညီသည်” ဟု မယူဆပါနှင့်။ မိတ်ဖက် တစ်ဦးချင်းစီနှင့် အခြေအနေအလိုက် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာများကို ချိန်ညှိပါ။



## ၄ / အကောင်အထည်ဖော်ခြင်းနှင့် အကြံပြုချက်ကွင်းဆက်များ



**အဓိက ဆက်စပ်သည့်အယူအဆများ -** အချိန်နှင့်တစ်ပြေးညီ အကြံပြုချက်များ၊ တိုင်ကြားမှုများ၊ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း၊ ချိန်ညှိခြင်း လမ်းကြောင်းပြင်ဆင်ခြင်း

**အကျဉ်းချုပ် -** ဤအရေးကြီးသော နယ်ပယ်တွင် QAS ကို လုပ်ဆောင်မှုအဆင့်တိုင်းတွင် ပေါင်းစည်းထားရမည်။ အချိန်နှင့်တစ်ပြေးညီ အကြံပြုချက်များနှင့် တိုင်ကြားမှုဆိုင်ရာ ယန္တရားများသည် လုပ်ငန်းများတွင် ဆက်လက် ပြုပြင်ပြောင်းလဲမှုများနှင့် တိုးတက်မှုများကို ဖြစ်ပေါ်စေသည်။ ပုံမှန်စောင့်ကြည့်ခြင်းလေ့လာခြင်းသည် QAS ကို လိုက်နာကြောင်း သေချာစေပြီး စိန်ခေါ်မှုများကို လျင်မြန်စွာ လိုက်လျောညီထွေဖြစ်အောင် ကူညီပေးသည်။

**အဘယ်ကြောင့် အရေးကြီးသနည်း -** ဒေသခံရပ်ရွာလူထု၏ အကြံပြုချက်များ နှင့် အထောက်အထားအခြေပြု သတင်းအချက်အလက်များအပေါ် အခြေခံ၍ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ချိန်ညှိမှုများ လုပ်ဆောင်နိုင်ခြင်းသည် လုပ်ဆောင်မှုများကို ထိရောက်မှုရှိနေစေရန် သေချာစေသည်။



**မည်သည့်အချိန်တွင် အသုံးပြုသင့်သနည်း -** လုပ်ငန်းများ အကောင်အထည်ဖော်နေသည့် အချိန်တစ်လျှောက်လုံး အသုံးပြုသင့်သည်။ စီမံချက်၏ အကျိုးသက်ရောက်မှု ထိန်းသိမ်းနိုင်ရန် အတွက် အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ပြုပြင်ချိန်ညှိပြီး လမ်းညွှန်ပေးသင့်သည်။

**မည်သို့ အကောင်အထည်ဖော်မည်နည်း -** အကြံပြုစာတိုက်ပုံးများ သို့မဟုတ် ရပ်ရွာအစည်းအဝေးများ ကဲ့သို့ ရိုးရှင်းပြီး လက်လှမ်းမီနိုင်သော တုံ့ပြန်မှုစနစ်များကို ဖန်တီးပြီး အချိန်နှင့်တပြေးညီ အကြံပြုချက်များရရှိနိုင်စေရန် လုပ်ဆောင်ပါ။ စောင့်ကြည့်လေ့လာရေးဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေပြီး ၎င်းတို့အပေါ် အခြေခံ၍ လက်တွေ့ဆောင်ရွက်ကြောင်း သေချာစေပါ။ ထိရှလွယ်သော အကြံပြုချက်များ သို့မဟုတ် တိုင်ကြားချက်များကို လျင်မြန်စွာနှင့် လျှို့ဝှက်စွာ စီမံခန့်ခွဲပါ။

**ပူးပေါင်းဆောင်ရွက်မှုမှ ရရှိနိုင်သော အကျိုးကျေးဇူးများ-** အကြံပြုချက်ကွင်းဆက်များ သည် စီမံချက် ပုံဖော်ရာတွင် ရပ်ရွာလူထုများ ကိုလုပ်ပိုင်ခွင့်ပေးသည့်အပြင် QAS ကို လိုက်နာကြောင်း သေချာစေသည်။

## အောင်မြင်မှုအတွက် အဓိကမေးခွန်းများ

- ✓ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာသည့် စနစ်တစ်ခု ရှိပါသလား။ ရလဒ်များကို မည်သို့ မှတ်တမ်းတင်ထားရှိပြီး မည်သူများနှင့် မျှဝေပါသလဲ။
- ✓ အကြံပြုချက်များကို စီမံချက်တွင် မကြာခဏ ထည့်သွင်းစဉ်းစားမှုရှိပါသလား။
- ✓ အကြံပြုချက်များနှင့် စောင့်ကြည့်လေ့လာမှုအပေါ် အခြေခံ၍ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ချိန်ညှိမှုများ ပြုလုပ်ထားပါသလား။
- ✓ အကြံပြုချက် ယန္တရားများ သက်ဆိုင်သူအားလုံး (အထူးသဖြင့် ဒေသခံ ရပ်ရွာလူထု) အတွက် လက်လှမ်းမီပါသလား။ ယန္တရားများသည် အမှန်တကယ် အလုပ်ဖြစ်ပြီး ဘေးကင်းပါသလား။ ထိရှလွယ်သော တိုင်ကြားချက်များကို လျှို့ဝှက်စွာ တင်ပြနိုင်ပါသလား။
- ✓ ရပ်ရွာလူထု၏ အကြံပြုချက်များသည် စီမံချက် ဆုံးဖြတ်ချက်ချမှုအပေါ် သက်ရောက်မှုရှိစေရန် သေချာစေသည့် လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။

## အရင်းအမြစ်များနှင့် ကိရိယာများ

- ☐ CHS (Core Humanitarian Standard) ကတိကဝတ်များ -
  - ကတိကဝတ် ၄ - လူအများ သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေခြင်း
  - ကတိကဝတ် ၅ - စိုးရိမ်မှုများနှင့် တိုင်ကြားမှုများကို လုံခြုံစွာ တင်ပြနိုင်ခြင်း ဖြေရှင်းပေးခြင်း
  - ကတိကဝတ် ၇ - အကြံပြုချက်များနှင့် သင်ယူမှုများအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် တိုးတက်အောင် ပြုပြင်လုပ်ဆောင်ခြင်း
- ☐ Sphere နှင့် HSP လက်စွဲစာအုပ်များ - ကဏ္ဍအလိုက် စံချိန်စံညွှန်းများဆိုင်ရာ အသေးစိတ် လမ်းညွှန်ချက်များ၊ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်ဆန်းစစ်ခြင်း (M&E) စစ်ဆေးရန် စာရင်းများ
- ☐ IASC AAP/PSEA အကြံပြုချက်နှင့် တိုင်ကြားမှုဆိုင်ရာ ယန္တရားများ - ရပ်ရွာလူထုနှင့် သင့်လျော်သော တုံ့ပြန်မှုဆိုင်ရာစနစ်များ တည်ထောင်ခြင်း။
- ☐ လူမှုအဖွဲ့အစည်းအခြေပြု အကြံပြုချက်စနစ်များ Kobo စသည် - လုပ်ငန်းအကောင်အထည်ဖော်နေစဉ်အတွင်း အကြံပြုချက်များကို စုဆောင်းရန်နှင့် ဆန်းစစ်လေ့လာရန် ပလက်ဖောင်းများ
- ☐ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်ဆန်းစစ်ခြင်း မူဘောင်များ (ဥပမာ – ယုတ္တိဘောင်ဇယား) - ရပ်ရွာလူထု၏ အကြံပြုချက်များကို ပေါင်းစည်းကာ ချိန်ညှိမှုများ ပြုလုပ်၍ အသုံးချနိုင်သည်
- ☐ ရပ်ရွာခြေပြု စောင့်ကြည့်လေ့လာမှုစနစ်များ (ဥပမာ အမှတ်ပေးစနစ် နည်းလမ်းများ) - စီမံချက်အကောင်အထည်ဖော်မှုအပေါ် စဉ်ဆက်မပြတ် သွင်းအားစုများ ပံ့ပိုးပေးသည်
- ☐ စစ်တမ်းများနှင့် မဲခွဲရွေးချယ်မှုများ (ဥပမာ စာတိုပို့စနစ် စစ်တမ်းများ၊ whatsapp မဲခွဲရွေးချယ်မှုများ) - အချိန်နှင့်တပြေးညီ ရပ်ရွာလူထု၏ အကြံပြုချက်များကို စုဆောင်းရန် ကိရိယာများ



## ဆောင်ရန်

- ✅ စီမံချက်အစကတည်းက ရပ်ရွာအတွင်းရှိ လူအဖွဲ့အစည်းအမျိုးမျိုးအတွက် တိုင်ကြားမှုများနှင့် အကြံပြုချက်များကို လက်လှမ်းမီနိုင်သော ယန္တရားများ ဖန်တီးသတ်မှတ်ပါ။
- ✅ အကြံပြုချက်များပေးလာနိုင်ရန်အားပေးပြီး ရပ်ရွာလူထုမှသူတို့၏ အတွေးအမြင်များနှင့် စိုးရိမ်ပူပန်မှုများကို လုံခြုံစိတ်ချစွာ မျှဝေနိုင်စေရန် သေချာစေပါ။
- ✅ အချိန်နှင့်တစ်ပြေးညီ ပြုပြင်ချိန်ညှိမှုများကို အကြံပြုချက်များအပေါ် အခြေခံ၍ လုပ်ဆောင်ပြီး ထိုကဲ့သို့ လုပ်ဆောင်ချင်းမှ စီမံချက်လုပ်ငန်းများ၏ ထိရောက်အကျိုးရှိမှုများကို ဖြစ်ထွန်းစေပါ။
- ✅ တိုးတက်မှုများကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ပြီး တွေ့ရှိချက်များကို သက်ဆိုင်သူအားလုံးနှင့် မိတ်ဖက်များထံ ပွင့်လင်းမြင်သာစွာ မျှဝေပါ။
- ✅ နည်းပညာနှင့် ပေါင်းစပ်ချဉ်းကပ်မှုများ (ဒစ်ဂျစ်တယ်နှင့် လူကိုယ်တိုင်) ကို အသုံးပြု၍ အချိန်နှင့်တစ်ပြေးညီ အကြံပြုချက်များကို စုဆောင်းပြီး လက်တွေ့အကောင်အထည်ဖော်ပါ။

## ရှောင်ရန်

- ✖ အကြံပြုချက် ယန္တရားများ တည်ဆောက်ခြင်းကို မနှောင့်နှေးပါနှင့်။ ထိုသို့မရှိပါက သင်သည် ရပ်ရွာလူထုနှင့် အဆက်အသွယ် ပြတ်တောက်သွားနိုင်သည်။
- ✖ အကြံပြုချက်များကို လျစ်လျူရှုခြင်း သို့မဟုတ် ပယ်ချခြင်း မပြုပါနှင့်။ စီမံချက်ကို ဝေဖန်သည့် အကြံပြုချက်ဖြစ်ခဲ့လျှင် ၎င်းကို တိုးတက်မှုအခွင့်အလမ်းအဖြစ် ရှုမြင်ပါ။
- ✖ အကြံပြုချက်များ သို့မဟုတ် ပြောင်းလဲနေသော ပတ်ဝန်းကျင်အပေါ် လိုက်လျောညီထွေချိန်ညှိနိုင်မှုကို ဟန့်တားနိုင်သည့် စီမံချက်အစီအစဉ်များကို ရှောင်ကြဉ်ပါ။
- ✖ အကြံပြုချက် ကွင်းဆက်ကိုတုန့်ပြန်ရန် မမေ့ပါနှင့်။ ရပ်ရွာလူထုအား ၎င်းတို့ပေးထားသည့်အကြံပြုချက်များကို မည်သို့ အကောင်အထည်ဖော်ခဲ့သည် သို့မဟုတ် အကောင်အထည် မဖော်နိုင်ခဲ့သည်ကို ပြန်လည်အသိပေးပါ။
- ✖ ဒစ်ဂျစ်တယ်ကိရိယာများကိုသာ အလွန်အမင်း အသုံးပြုခြင်းမှ ရှောင်ကြဉ်ပြီး နည်းပညာ အသုံးပြုခွင့် အကန့်အသတ်ရှိသူများ သို့မဟုတ် ယဉ်ကျေးမှုအရ အခြားနည်းလမ်းများကို နှစ်သက်သူများအတွက် အော့ဖ်လိုင်းစနစ်များကိုလည်း ထားရှိစေပါ။

## ၅ / အသွင်ကူးပြောင်းမှု၊ ထွက်ခွာမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု

**အဓိက ဆက်စပ်သည့်အယူအဆများ** - ရေရှည်၊ ထွက်ခွာရေးစီမံချက်၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ဒေသခံစွမ်းဆောင်ရည်၊ စီမံချက်ပြီးဆုံးပြီးနောက်

**အကျဉ်းချုပ်** - ဤအဓိကနယ်ပယ်တွင် စီမံချက်စက်ဝန်းကိုကျော်လွန်ပြီးနောက် အကျိုးသက်ရောက်မှုများ ဆက်လက်တည်ရှိစေရန် ဒေသခံအဖွဲ့အစည်းများထံ လက်ဆင့်ကမ်းခြင်းကို လုပ်ဆောင်ရန် လိုအပ်သည်။

**အဘယ်ကြောင့် အရေးကြီးသနည်း** - ရေရှည်တည်တံ့ခိုင်မြဲမှုကို အာမခံရန်အတွက် အသွင်ကူးပြောင်းမှုများကို သေချာစွာ အစီအစဉ်ရေးဆွဲထားရန် လိုအပ်ပြီး ဒေသခံအဖွဲ့အစည်းများအတွက် QAS ကို ထိန်းသိမ်းနိုင်ရန် လိုအပ်သည့်စွမ်းဆောင်ရည်များနှင့် အရင်းအမြစ်များ ပံ့ပိုးပေးရမည်။

**မည်သည့်အချိန်တွင် အသုံးပြုသင့်သနည်း** - စီမံချက်၏ အစကတည်းကပင် ထွက်ခွာရေး မဟာဗျူဟာများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည် အသွင်ကူးပြောင်းရေး မဟာဗျူဟာများကို အောင်မြင်စေရန်အတွက် အစောပိုင်းအဆင့်မှပင် ပေါင်းစည်းထည့်သွင်းထားရမည်။

**မည်သို့ အကောင်အထည်ဖော်မည်နည်း** - အစောပိုင်းကတည်းက ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ပြီး QAS ကို ထိန်းသိမ်းနိုင်ရန်အတွက် ၎င်းတို့၏ လိုအပ်သောစွမ်းရည်များကို ဖြည့်စည်းပေးရမည်။ ရေရှည်တည်တံ့နိုင်စေရန်အတွက် ဒေသခံတာဝန်ယူမှုကို သေချာစေပြီး ဆက်လက်တည်ရှိနိုင်ရန် လုံလောက်သော အရင်းအမြစ်များကို ပံ့ပိုးပေးရမည်။

### အောင်မြင်မှုအတွက် အဓိကမေးခွန်းများ

- ✓ စီမံချက်အစမှစ၍ ရှင်းလင်းသော ထွက်ခွာမှု မဟာဗျူဟာတစ်ခု ရှိပါသလား။
- ✓ မျှော်မှန်းထားသည့် အသွင်ကူးပြောင်းမှု၊ ထွက်ခွာမှုနှင့် စီမံချက်၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို သတ်မှတ်ရာတွင် ရပ်ရွာလူထုများ မည်သို့ ပါဝင်နေသနည်း။
- ✓ စီမံချက်ပြီးဆုံးသွားပြီးနောက် လုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းရန် ပြင်ဆင်ထားသော ဒေသခံ အရင်းအမြစ်များ ရှိပါသလား။
- ✓ ရေရှည်တည်တံ့နိုင်သော အစီအမံများ (အရင်းအမြစ်များ၊ ငွေကြေးပံ့ပိုးမှု၊ လေ့ကျင့်ရေး စသည်) ကို အစောပိုင်းကတည်းပင် ထားရှိထားပါသလား။

### အရင်းအမြစ်များနှင့် ကိရိယာများ

- ☐ *Sphere လက်စွဲစာအုပ်* - ကဏ္ဍအားလုံးအတွက် အသုံးချနိုင်သည်
- ☐ *Sphere & HSP လက်စွဲစာအုပ်များ* - ထွက်ခွာမှု မဟာဗျူဟာများ စီမံချက်ရေးဆွဲခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု သေချာစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်မှု နည်းလမ်းများနှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို ပေါင်းစပ်သုံးစွဲရန် လမ်းညွှန်ချက်များပေးသည်။
- ☐ *CHS (Core Humanitarian Standard) ကတိကဝတ်များ*
  - CHS ကတိကဝတ် ၁ – လူများနှင့် ရပ်ရွာလူထုများသည် မိမိတို့၏ အခွင့်အရေးများကို အသုံးချနိုင်ပြီး မိမိတို့ကို အပေါ်သက်ရောက်သည့် လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်။
  - CHS ကတိကဝတ် ၃ – လူများနှင့် ရပ်ရွာလူထုများသည် ဖြစ်နိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက် ပိုမိုပြင်ဆင်ထားပြီး ပိုမိုခံနိုင်ရည်ရှိလာစေရန်။
- ☐ စွမ်းဆောင်ရည်မြှင့်တင်ရေး ကိရိယာများ (ဥပမာ – ဆရာဖြစ်သင်တန်းပုံစံများ) - ဒေသခံများကို စီမံချက်ပြီးဆုံးပြီးနောက်ပိုင်းတွင်လည်း လုပ်ဆောင်ချက်များ ဆက်လက်ထိန်းသိမ်းနိုင်ရန် အရည်အချင်း ဖြည့်စည်းပေးခြင်း။
- ☐ ထွက်ခွာမှု မဟာဗျူဟာ လမ်းညွှန်ချက်များ (ဥပမာ – ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၏ ထွက်ခွာမှုမဟာဗျူဟာနည်းလမ်းများ) - စီမံချက်ကို လက်ဆင့်ကမ်းစီမံနိုင်ရန်အတွက် မူဘောင် ပံ့ပိုးပေးခြင်း
- ☐ စီမံချက်ပြီးနောက် အကဲဖြတ်မှု ကိရိယာများ (ဥပမာ – *ALNAP* အရည်အသွေးဆိုင်ရာ ပြန်လည်သုံးသပ်မှု နှင့် အကျိုးသက်ရောက်မှု တိုင်းတာခြင်း) – စီမံချက်၏ ရေရှည်အကျိုးသက်ရောက်မှုနှင့် တည်တံ့နိုင်မှုကို အကဲဖြတ်ပေးခြင်း။
- ☐ *IASC* ၏ စုပေါင်း ကာကွယ်စောင့်ရှောက်မှုနှင့် အသွင်ကူးပြောင်းရေး လမ်းညွှန်ချက်များ

## ဆောင်ရန်

- ✅ စီမံချက်၏ အစကတည်းကပင်အသွင်ကူးပြောင်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီစဉ်ပါ။
- ✅ ဒေသခံရပ်ရွာလူထုနှင့် မိတ်ဖက်များကို ထွက်ခွာမှုမဟာဗျူဟာ ဖန်တီးရာတွင် အစကတည်းက ပါဝင်စေပါ။ ယင်းသည် ရေရှည်တာဝန်ယူမှုကို သေချာစေပါသည်။
- ✅ စီမံချက်ပြီးဆုံးပြီးနောက် QAS ကို ဆက်လက် အကောင်အထည်ဖော်နိုင်ရန် ဒေသခံ စွမ်းဆောင်ရည်များကို တည်ဆောက်ပါ။
- ✅ အရင်းအမြစ်များ (ဥပမာ- ရန်ပုံငွေ၊ လေ့ကျင့်ရေး၊ ဝန်ထမ်းများ) ရှိနေကြောင်း သေချာစေပြီး ရေရှည်တည်တံ့နိုင်မှုကို ထောက်ပံ့ပေးပါ။
- ✅ စီမံချက်ပြီးဆုံးပြီးနောက် အကဲဖြတ်ဆန်းစစ်ခြင်းများပြုလုပ်ကာ ရေရှည်အကျိုးသက်ရောက်မှုကို တိုင်းတာပြီး တွေ့ရှိချက်များနှင့် သင်ခန်းစာများကို မျှဝေပြီး အနာဂတ် တိုးတက်မှုများအတွက် အသုံးချပါ။

## ရှောင်ရန်

- ❌ ထွက်ခွာမှု စီမံချက်ကို နောက်ဆုံးအချိန်မှ မလုပ်ပါနှင့် - ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် အစောဆုံးကတည်းက ပေါင်းစပ်ကပြင်ဆင်ထားရပါမည်။
- ❌ ဒေသခံ အဖွဲ့အစည်းများအတွက် လုံလောက်သော အရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ မရှိဘဲ လက်လွှဲခြင်း မပြုလုပ်ပါနှင့်။
- ❌ ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် တိကျသော အဆင့်များမရှိပဲ လုပ်ဆောင်ခြင်း မပြုဘဲ အသုံးဝင်သည့် လက်တွေ့စမ်းသပ်ခြင်းများကို ပြုလုပ်ပါ အသွင်ကူးပြောင်းရေး
- ❌ လုပ်ငန်းစဉ်ကို မှတ်တမ်းတင်မှု မလုပ်ခြင်းသည် အောင်မြင်မှုများနှင့် စိန်ခေါ်မှုများမှ သင်ယူနိုင်မှုကို ပျောက်ဆုံးစေသည်။
- ❌ ထားခဲ့ခြင်း မေ့ပစ်ခြင်းများကို မပြုလုပ်ပါနှင့်။ စီမံချက်ပြီးဆုံးပြီးနောက် အထောက်အပံ့နှင့် အကဲဖြတ်မှုများကို ဆက်လက်လုပ်ဆောင်ပါ။



### အခန်း ဃ

# QAS အတွက် ကဏ္ဍစုံ ပေါင်းစပ်ထားသော အကြောင်းအရာများ

QAS ကို ပေါင်းစည်းသုံးစွဲနိုင်စေရန်အတွက် ကဏ္ဍစုံ ပေါင်းစပ်ထားသော အကြောင်းအရာ ၅ ခု ကို သတ်မှတ်ထားသည်။ ၎င်းတို့မှာ- အာဏာဆိုင်ရာ ပြောင်းလဲလှုပ်ရှားမှုနှင့် ပါဝင်ပတ်သက်မှု အဖွဲ့အစည်း ယဉ်ကျေးမှုနှင့် လူထုဗဟိုပြု ချဉ်းကပ်မှု၊ Nexus ချဉ်းကပ်မှုနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိမှု၊ ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့် ဒစ်ဂျစ်တယ် ကွာဟချက်ကိုလျော့ချပေးခြင်းတို့ ဖြစ်သည်။

## ၁ / အာဏာဆိုင်ရာ ပြောင်းလဲလှုပ်ရှားမှုနှင့် ပါဝင်ပတ်သက်မှု

အာဏာမညီမျှမှုများကို ဖြေရှင်းခြင်းသည် QAS ၏ အဓိကသော့ချက်ဖြစ်ပြီး အောင်မြင်မှုဆီသို့ ဦးတည်စေသော အရေးကြီးဆုံး လုပ်ဆောင်ချက်များထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် လက်ရှိ အာဏာဆိုင်ရာ လှုပ်ရှားမှုများကို အသိအမှတ်ပြုပြီး အထူးသဖြင့် ဖယ်ကြဉ်ခံထားရသူများ အပါအဝင် ရပ်ရွာလူထု၏ အသံကို နားထောင်ရန် လက်တွေ့ကျသော အဆင့်များကို လုပ်ဆောင်ခြင်းကိုဆိုလိုသည်။

### အာဏာမညီမျှမှုများကို ဖော်ထုတ်ခြင်း၊ အသိအမှတ်ပြုခြင်းနှင့် ဖြေရှင်းခြင်း



လက်တွေ့ကျသော လုပ်ဆောင်ချက်များတွင် ပူပေါင်းပါဝင်ဆောင်ရွက်သည့် စီမံချက်ရေးဆွဲခြင်း၊ ပုံမှန် အကြံပြုချက် ကွင်းဆက်များနှင့် တာဝန်ခံယူမှုယန္တရားများ တိကျစွာ တည်ဆောက်ခြင်းတို့ ပါဝင်သည်။ ဥပမာအားဖြင့်၊ အာဏာမညီမျှမှုများကို ဖော်ထုတ်ခြင်းသည် လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အဖွဲ့အစည်းများမှ ဝန်ထမ်းများအကြား ဖြစ်ပေါ်နိုင်သော လိင်ပိုင်းဆိုင်ရာ မလျော်ကန်သည့် အပြုအမူများကို အသိအမှတ်ပြုနိုင်စေနိုင်ပြီး ကာကွယ်ရေး၊ အကာအကွယ်နှင့် စွပ်စွဲချက်များအပေါ် သင့်လျော်သော တုံ့ပြန်မှုများဖြင့် ကိုင်တွယ်ဖြေရှင်းရန်အတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်သည်။

### သာတူညီမျှမှု၊ ပါဝင်ပတ်သက်မှုနှင့် မတူကွဲပြားသော ကိုယ်စားပြုမှု သေချာစေခြင်း



လက်တွေ့ကျသော အဆင့်များတွင် အားလုံးပါဝင်သည့် အကဲဖြတ်ဆန်းစစ်ခြင်းများပြုလုပ်ခြင်း၊ မတူကွဲပြားမှုအတွက် စံသတ်မှတ်ချက်များထားရှိခြင်း၊ တွေ့ဆုံဆွေးနွေးပွဲများနှင့် အကြံပြုမှုများအတွက် ဘေးကင်းလုံခြုံသည့် နေရာများ ဖန်တီးပေးခြင်းတို့ ပါဝင်သည်။ ကိုယ်စားပြုမှုကို ဦးစားပေးခြင်းအားဖြင့် အဖွဲ့အစည်းများသည် ရပ်ရွာလူထု၏ လိုအပ်ချက်များနှင့် အမြင်များကို ထင်ဟပ်စေသော စနစ်များ ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## QAS တွင် ဦးဆောင်သူဖြစ်ပါစေ



QAS အပေါ် ဦးဆောင်မှု ပြသခြင်းသည် အဖွဲ့အစည်းအဆင့်တွင်သာမက ကူညီပံ့ပိုးရေးကဏ္ဍတွင်ပါ အရေးပါသော အာဏာဆိုင်ရာ လှုပ်ရှားမှုများကို လွှမ်းမိုးရန်အတွက် အဓိကသော့ချက်ဖြစ်သည်။ လူပုဂ္ဂိုလ်တိုင်းသည် ဤအခန်းကဏ္ဍကို လက်ခံရယူနိုင်ပြီး တိုးတက်မှုနှင့် အကျိုးသက်ရောက်မှုများကို တိုက်ရိုက်ဖော်ဆောင်နိုင်သည်။ ထိုသို့ ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးမှာ အောင်မြင်မှုနှင့် စိတ်ကျေနပ်မှုအမြင့်ဆုံးကို ရရှိနိုင်ခြင်းဖြစ်သည်။

## ၂ / အဖွဲ့အစည်းယဉ်ကျေးမှု နှင့် လူထုဗဟိုပြု ချဉ်းကပ်မှု

လူထုဗဟိုပြုချဉ်းကပ်မှုသည် အဖွဲ့အစည်း၏ ရည်မှန်းချက်များကို ရပ်ရွာလူထု၏ အခွင့်အရေးများနှင့် လိုအပ်ချက်များကို ကိုက်ညီစေရန်အတွက် အထူးအာရုံစိုက်ခြင်းဖြစ်သည်။

### အဖွဲ့အစည်း ဦးစားပေးမှုများနှင့် လူထုလိုအပ်ချက်များကို မျှတအောင် ထိန်းညှိခြင်း

ဤထိန်းညှိမှုအတွက် လိုအပ်သည့်အချက်များမှာ လိုက်လျောညီထွေရှိသော အလေ့အကျင့်များ ပွင့်လင်းသော ဆက်သွယ်ရေး နှင့် ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားမှုတို့ဖြစ်ပြီး ဤအရာများအားလုံးသည် QAS တန်ဖိုးများကိုအားဖြည့်ကာ စီမံချက်ထဲတွင် တက်ကြွစွာအသုံးချနိုင်ရန်ဖြစ်သည်။ QAS ကို အဓိကထားသော ယဉ်ကျေးမှုကို တည်ဆောက်နိုင်ရန်အတွက် လေးစားမှု၊ စာနာမှုနှင့်၊ ရပ်ရွာလူထု၏ အကြံပြုချက်အား အဖွဲ့အစည်းမူဝါဒများနှင့် မဟာဗျူဟာများအတွင်း ထည့်သွင်းရန် လိုအပ်သည်။ ထို့အပြင် အာဏာလွှဲပြောင်းမှုကို ပြုလုပ်နိုင်ရန် စိတ်ပိုင်းဆိုင်ရာ အားပေးမှုထောက်ပံ့မှုများလည်း လိုအပ်သည်။

### QAS အပေါ် အာရုံစိုက်သော အဖွဲ့အစည်း ယဉ်ကျေးမှုကို တည်ဆောက်ခြင်း

QAS အပေါ် အာရုံစိုက်သော ယဉ်ကျေးမှုတစ်ခုကို ဖန်တီးခြင်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခုအတွင်း QAS ၏ အခြေခံအယူအဆများကို နေ့စဉ် လုပ်ဆောင်မှုများ၊ မူဝါဒများနှင့် တန်ဖိုးထားမှုများထဲတွင် ပေါင်းစပ်ထည့်သွင်းခြင်းကို ဆိုလိုသည်။ ဤနည်းလမ်းများတွင် ပွင့်လင်းသော ဆက်သွယ်ရေး၊ စဉ်ဆက်မပြတ်လေ့ကျင့်သင်ကြားရေးနှင့် QAS စံနှုန်းများကို စံပြအနေဖြင့်ထားရှိပြီး ခေါင်းဆောင်မှုတို့ လိုအပ်သည်။

လက်တွေ့ကျသော အဆင့်များတွင် ပွင့်လင်းမြင်သာသော မျှော်လင့်ချက်များ သတ်မှတ်ခြင်း၊ အထောက်အပံ့ပေးနိုင်ပြီး သုံးရလွယ်ကူ၍မြန်ဆန်သည့် တိုင်ကြားမှုနှင့် အကြံပြုချက်ယန္တရားများ တည်ဆောက်ခြင်းနှင့် QAS ကို အဖွဲ့အစည်းအဆင့်အားလုံးတွင် တက်ကြွစွာ အသုံးချနေကြောင်း သေချာစေခြင်းတို့ ပါဝင်သည်။ QAS ကို ဦးစားပေးသည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်းအားဖြင့် အဖွဲ့အစည်းများသည် ယုံကြည်မှု (trust) တိုးတက်စေခြင်း၊ ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများ ကို ထိန်းသိမ်းနိုင်ခြင်းနှင့် အဖွဲ့အတွင်းယဉ်ကျေးမှုသည် ဝန်ဆောင်မှုပေးနေသော ရပ်ရွာလူထုနှင့် တစ်သားတည်းဖြစ်လာစေသည်။



## ၃ / HDP (လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး) Nexus ချဉ်းကပ်မှုနှင့် ကြိုတင်လုပ်ဆောင်မှု

QAS ကို လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွင်း ပေါင်းစည်းရန်အတွက် မတည်ငြိမ်သည့် ပတ်ဝန်းကျင်များတွင် အချင်းချင်း ဆက်စပ်နေသော စိန်ခေါ်မှုများကို အပြည့်အဝဖြေရှင်းရန်

### လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများတွင်QAS ကို ပေါင်းစည်းခြင်း

ကြိုတင်ကာကွယ်ရေးလုပ်ဆောင်မှုများနှင့် အန္တရာယ်ဆိုင်ရာ အချက်အလက်များအပေါ် အခြေခံသည့် ကာကွယ်စောင့်ရှောက်မှုများကို ပေါင်းစည်းခြင်းဖြင့် အဖွဲ့အစည်းများသည် ပေါ်ပေါက်လာနိုင်သည့် အကျပ်အတည်းများကို ကြိုတင်တုံ့ပြန်နိုင်သည်။ ဤလုပ်ငန်းစဉ်တွင် အန္တရာယ်အကဲဖြတ်မှုများကို ပုံမှန်လုပ်ဆောင်ခြင်း၊ ကဏ္ဍစုံမိတ်ဖက်ဆက်ဆံရေးများကိုတည်ဆောက်ခြင်းနှင့် အရေးပေါ်ကာလတို အခြေအနေများကိုတုံ့ပြန်မှုများထက် ရေရှည်ကြံ့ကြံ့ခိုင်နိုင်စွမ်းရှိမှုတို့ကို ဦးစားပေးသည့် မူဘောင်များ ရေးဆွဲခြင်းတို့ ပါဝင်သည်။


### ကြိုတင်ကာကွယ်ရေး လုပ်ဆောင်ချက်

ကြိုတင်ကာကွယ်ရေးလုပ်ဆောင်ချက်ဆိုသည်မှာ ကြိုတင်သတိပေးအချက်ပြချက်များအပေါ် အခြေခံ၍ ကြိုတင်စီမံချက်ရေးဆွဲခြင်းနှင့် စောစီးစွာအကျိုးသက်ရောက်မှုရရှိစေရန်အတွက် ပါဝင်ဆောင် ရွက်ခြင်းကို ဆိုလိုသည်။ အန္တရာယ်များကို ရပ်ရွာလူထု နှင့် ပူးပေါင်းပြီး ကြိုတင် အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်နိုင်ခြင်းအားဖြင့် အဖွဲ့အစည်းများသည် အကျပ်အတည်း မဖြစ်ပွားမီ ပြင်ဆင်ဆောင်ရွက်နိုင်ပြီး ထိခိုက်ပျက်စီးမှုကို လျော့နည်းစေခြင်းနှင့် ရပ်ရွာလူထုအတွက် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို လုပ်ဆောင်နိုင်သည်။ လက်တွေ့ကျသော ဆောင်ရွက်မှုများတွင် လိုက်လျောညီထွေရှိသော တုံ့ပြန်မှု စီမံချက် များ ရေးဆွဲခြင်း၊ ကြိုတင်သတိပေးစနစ်များတည်ထောင်ခြင်း၊ အန္တရာယ်အကဲဖြတ်ဆန်းစစ်ခြင်းများကို ပုံမှန်ပြင်ဆင်ခြင်း၊ ရပ်ရွာလူထုစွမ်းဆောင်ရည်များ တည်ဆောက်ပြီး ဖြစ်နိုင်ချေရှိသည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်စေခြင်း တို့ပါဝင်သည်။ ကြိုတင်ကာကွယ်ရေးလုပ်ဆောင်ချက်များသည်ကြိုတင်ပြင်ဆင်မှုကို အားကောင်းစေပြီး၊ ပြဿနာများ မကြီးထွားမီ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းကြောင့် အသက်အသေးန္တရာယ်များနှင့် အရင်းအမြစ်များကို ကာကွယ်ပေးနိုင်သည်။

ကြိုတင်ကာကွယ်ရေးလုပ်ဆောင်ချက်သည် သင်ယူမှုဆိုင်ရာ အရေးကြီးသောကဏ္ဍနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ဤချဉ်းကပ်မှုမှရရှိလာသည့် အကျိုးသက်ရောက်မှုများကို မှတ်တမ်းတင်မျှဝေခြင်းသည် အဓိကအရေးကြီးဆုံးဖြစ်သည်။

### အန္တရာယ်အခြေပြု ကာကွယ်စောင့်ရှောက်မှု

အန္တရာယ်အခြေပြု ကာကွယ်စောင့်ရှောက်မှုသည် အန္တရာယ်အကဲဖြတ်ဆန်းစစ်ခြင်းကို စီမံချက်တစ်လျှောက် ထည့်သွင်းအသုံးပြုပြီး ဘေးကင်းရေးနှင့် လူ့ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်ထားပြီး အထူးသဖြင့် ထိခိုက်လွယ်သည့် ရပ်ရွာလူထုများကို အခြေခံထားသည်။ လုပ်ဆောင်ချက်များတွင် အန္တရာယ်ဆန်းစစ်လေ့လာမှုကို ပုံမှန်လုပ်ဆောင်ခြင်း၊ ကာကွယ်ရေးဆိုင်ရာ အစီအမံများ ဖန်တီးခြင်းနှင့် အန္တရာယ်မြင့်မားသော အခြေအနေများတွင် အကူအညီပေးရေးဆိုင်ရာ သက်ဆိုင်သူအားလုံးတို့အား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အသိပညာပေးခြင်းနှင့် လေ့ကျင့်ပေးခြင်းတို့ ပါဝင်သည်။ အဖွဲ့အစည်းများသည် ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ပတ်ဝန်းကျင်များကို လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်နိုင်ရန်လိုသည်။ ထို့အပြင် ပိုမိုဘေးကင်းပြီး လိုက်လျောညီထွေရှိသော လုပ်ဆောင်မှုများကို ဖန်တီးရမည်ဖြစ်ပြီး ၎င်းတို့သည် ရပ်ရွာလူထုများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် အလေးထားရမည်ဖြစ်သည်



## ၄/ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိမှု

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိမှုသည် လူသားချင်းစာနာထောက်ထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အစီအစဉ်များ၏ အဆင့်တိုင်းတွင် ရေရှည်တည်တံ့ခိုင်မြဲမှုကို ပေါင်းစည်းသွင်းထည့်ရန် လိုအပ်ပါသည်။

### လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး ချဉ်းကပ်မှုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ကို ဂရုစိုက်သော အစီအစဉ်များတွင် QAS ကို အသုံးချခြင်း

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အကဲဖြတ်ချက်များ၊ သဘာဝနှင့် ညီညွတ်သော ဝယ်ယူဖြည့်တင်းမှုများ၊ စွန့်ပစ်ပစ္စည်းလျှော့ချရေး စည်းမျဉ်းများနှင့် အသိပညာပေးလှုံ့ဆော်မှုများကို ပေါင်းစပ်သုံးခြင်းအားဖြင့် ဂေဟာစနစ်များအပေါ် ထိခိုက်မှုကို လျှော့ချပေးနိုင်သည့်အပြင် တာဝန်ယူမှုရှိသည့် ရေရှည်တည်တံ့သော အလေ့အကျင့်များကို မြှင့်တင်ပေးနိုင်သည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် လုပ်ငန်းစဉ်များသည် သဘာဝအရင်းအမြစ်များကို လေးစားကာကွယ် ထိန်းသိမ်းစောင့်ရှောက်သည့်သဘောကို သေချာစေပါသည်။

*CHS ကတိကဝတ် ၉* -အရင်းအမြစ်များကို ကျင့်ဝတ်နှင့် တုံ့ပြန်နိုင်သော စီမံခန့်ခွဲခြင်း

*Sphere Thematic Sheet #1* - လူသားချင်း စာနာထောက်ထားရေး တုံ့ပြန်မှုများအတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချခြင်းနှင့် လူသားချင်းစာနာထောက်ထားရေး လုပ်ဆောင်ချက်များအတွင်း ရာသီဥတုပြောင်းလဲမှုနှင့် ကြံ့ကြံ့ခံနိုင်မှုတို့အတွက် သဘာဝအခြေပြုဖြေရှင်းနည်းများ လမ်းညွှန်ချက်သည် အရင်းအမြစ်အသုံးပြုမှုတွင် တာဝန်ခံယူမှုကို အားပေးပြီး၊ သဘာဝပတ်ဝန်းကျင် ကြံ့ကြံ့ခံနိုင်မှုနှင့် သဘာဝအခြေပြု ဖြေရှင်းနည်းများကို အထောက်အကူဖြစ်စေသည့် အလေ့အကျင့်များကို မြှင့်တင်ပေးပါသည်။

ဤရည်ညွှန်းချက်များနှင့် ကိရိယာများကို ပေါင်းစည်းအသုံးချခြင်းအားဖြင့် အဖွဲ့အစည်းများသည် မိမိတို့၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့ချပေးနိုင်ပြီး၊ ရပ်ရွာလူထုများနှင့် ၎င်းတို့၏ ပတ်ဝန်းကျင် နှစ်ခုလုံး၏ ကြံ့ကြံ့ခံနိုင်မှုတို့ကို ထောက်ပံ့ပေးနိုင်ပါသည်။



## ၅ / ဆန်းသစ်တီထွင်မှု၊ နည်းပညာနှင့် ဒစ်ဂျစ်တယ် ကွာဟချက်ကိုလျှော့ချပေးခြင်း

နည်းပညာအသုံးချခြင်းသည် တီထွင်ဆန်းသစ်သော ဖြေရှင်းနည်းများ ဖန်တီးရန်နှင့် တစ်ပြိုင်နက်တည်း ဒစ်ဂျစ်တယ်ကိရိယာများကို သာတူညီမျှ ဝင်ရောက်အသုံးပြုနိုင်မှုကို သေချာစေရန်အတွက် အရေးကြီးသည်။

QAS အတွက် လက်တွေ့ကျသော ချဉ်းကပ်မှုများတွင် ထိရောက်မှုအတွက် နည်းပညာအသစ်များ စမ်းသပ်ခြင်း၊ သတင်းအချက်အလက်များကို လက်လှမ်းမီအောင် ဖော်ဆောင်ခြင်း၊ ပလက်ဖောင်းများကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်သုံးစွဲခြင်းတို့ ပါဝင်သည်။ ဒစ်ဂျစ်တယ်ကွာဟချက်ကို လျှော့ချခြင်းဆိုသည်မှာ အထူးသဖြင့် ဒေသခံအဖွဲ့အစည်းများအနေဖြင့် အားလုံးပါဝင်နိုင်သည့်ပုံစံနှင့် လေ့ကျင့်ရေးကို ဦးစားပေး အသုံးပြုခြင်းအားဖြင့် အကျိုးကျေးဇူးရရှိစေရန် ဖြစ်သည်။

### QAS ဖြေရှင်းနည်းများကို ဆန်းသစ်တီထွင်ခြင်းနှင့် စမ်းသပ်ခြင်း

ဆန်းသစ်တီထွင်မှုဆိုသည်မှာ QAS အလေ့အကျင့်များကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန်အတွက် ချဉ်းကပ်မှုအသစ်များကို တီထွင်ခြင်းနှင့် စမ်းသပ်ခြင်းတို့ဖြစ်သည်။ ဤလုပ်ဆောင်ချက်များတွင် ကိရိယာအသစ်များကို စမ်းသပ်အသုံးပြုခြင်း၊ စံနှုန်းသတ်မှတ်ချက်များကို ဒေသဆိုင်ရာ အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ခြင်း၊ လက်တွေ့ဘဝတွင် မည်သည့်နည်းလမ်းများ၊ ချဉ်းကပ်မှုများသည် အကောင်းဆုံးအကျိုးဖြစ်စေသည်ကို စမ်းသပ်သုံးစွဲခြင်းတို့ ပါဝင်သည်။ စဉ်ဆက်မပြတ် ဆန်းသစ်တီထွင်ခြင်းနှင့် စမ်းသပ်ခြင်းမှတစ်ဆင့် အဖွဲ့အစည်းများသည် ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စွာ လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်သည့်အပြင် ၎င်းတို့၏ စီမံချက်များ၏ အကျိုးသက်ရောက်မှုကို မြှင့်တင်နိုင်သည်။

### ဒစ်ဂျစ်တယ်ကိရိယာများကို အသုံးချ၍ QAS ကို မြှင့်တင်ခြင်း

ဒစ်ဂျစ်တယ်ကိရိယာများသည် သတင်းအချက်အလက် စုဆောင်းမှုကို စုစည်းပြီး စနစ်တကျဖြစ်စေခြင်း၊ ပွင့်လင်းမြင်သာမှု တိုးမြှင့်ခြင်း၊ ပိုမိုမြန်ဆန်သော အကြံပြုချက်နှင့် လျှို့ဝှက်တိုင်ကြားမှုဆိုင်ရာ ယန္တရားများကို ထိရောက်စွာ လုပ်ဆောင်နိုင်စေခြင်းတို့ဖြင့် QAS ကို မြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ပါသည်။ မိုဘိုင်းအက်ပ်များ၊ အွန်လိုင်းအစီရင်ခံစနစ်များ၊ အရေးပေါ်ဖုန်းလိုင်းများ၊ ဖုန်းခေါ်ဆိုမှုစင်တာများနှင့် ဒေတာဒက်ရှ်ဘုတ်များကဲ့သို့သော နည်းပညာများသည် အဖွဲ့အစည်းများအား တိုးတက်မှုများကို စောင့်ကြည့်ခြင်း၊ သတင်းအချက်အလက်အပေါ် အခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ နှင့် လူမှုအသိုင်းအဝိုင်းများအပေါ် တာဝန်ခံယူမှုရှိစေရန် ကူညီပေးပါသည်။ ဒစ်ဂျစ်တယ် ဖြေရှင်းနည်းများသည် သွားလာရခက်ခဲသော နေရာများတွင်ပင် QAS ကို ထိရောက်စွာ ပေါင်းစည်းနိုင်ရန် ပြုလုပ်ပေးပါသည်။

### နည်းပညာအခြေပြု ဖြေရှင်းနည်းများတွင် လက်လှမ်းမီနိုင်မှုနှင့် ပါဝင်ပတ်သက်မှု သေချာစေခြင်း

QAS အတွက် နည်းပညာများကို အသုံးပြုရာတွင် ရပ်ရွာလူထုအတွင်း အဖွဲ့ဝင်အားလုံး အကျိုးကျေးဇူးရရှိစေရန်အတွက် လက်လှမ်းမီနိုင်မှုနှင့် ပါဝင်ပတ်သက်မှုများသည် မရှိမဖြစ်လိုအပ်ပါသည်။ ဤအရာများတွင် အသုံးပြုရလွယ်ကူသော ကိရိယာများ ဖန်တီးပေးခြင်း၊ နည်းပညာအသုံးပြုနည်း မကျွမ်းသူများအတွက် လေ့ကျင့်သင်ကြားပေးခြင်း၊ အရင်းအမြစ်နည်းပါးသော နေရာအတွက် အခြေအနေများနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲပေးခြင်းတို့ ပါဝင်ပါသည်။

လိုက်လျောညီထွေမှုဖြစ်အောင် ပြုပြင်ထားသော အားလုံးပါဝင်နိုင်သည့် ဒစ်ဂျစ်တယ် အလေ့အကျင့် နည်းပညာများသည် ရည်ရွယ်ထားသည့်အတိုင်း လူထုကို အကျိုးဖြစ်ထွန်းစေပြီး၊ မည်သူ့ကိုမှ ချန်လှပ်မထားကြောင်း သေချာစေပါသည်။



## အခန်း ၄

# QAS ဆိုင်ရာ အစပျိုးဆောင်ရွက်မှုများ

QAS နှင့် ပတ်သက်သည့် ပထမဆုံး အစပျိုးဆောင်ရွက်မှုများကို ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း ကာလများတွင် စတင်ခဲ့ပြီး ၎င်းသည် ရဝမ်ဒါ အရေးပေါ်တုံ့ပြန်မှုအတွင်းမှ သင်ခန်းစာများကို အခြေခံ ၍ စတင်ခဲ့ခြင်းဖြစ်သည်။

## ၁/ အေဂျင်စီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် အကြောင်းရင်း

အေဂျင်စီအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများသည် ၎င်းတို့၏ သဘာဝအရ အခြားစီမံချက်များနှင့် ကွာခြားနေသည်။ မည်သူက ဖွဲ့စည်းထားသည်၊ အဓိကအာရုံစိုက်ရာ အကြောင်းအရာ၊ ချဉ်းကပ်မှုပုံစံ၊ အကောင်အထည်ဖော်ဆောင်မည့် ယန္တရားများ စသည်တို့သည် မတူညီကြပါသည်။

ပူးပေါင်းချဉ်းကပ်မှုများသည် အဖွဲ့အစည်းတစ်ခုတည်းအပေါ်တွင် မူတည်ခြင်းထက် ရပ်ရွာလူထုအပေါ်အခြေခံ၍ လူထုဗဟိုပြုချဉ်းကပ်မှုများကို ထင်ဟပ်စေသည့် အတွက်ကြောင့် အလွန်အရေးကြီးပါသည်။

## ၂/ လမ်းပြဦးဆောင်ခြင်း – အေဂျင်စီအချင်းချင်းကြား QAS ဆိုင်ရာ အစပျိုးဆောင်ရွက်မှုများ

အောက်တွင် အေဂျင်စီအချင်းချင်းကြား အစပျိုးဆောင်ရွက်မှုများကို ဤနေရာတွင် ဖော်ပြထားပါသည်

- **Active Learning Network for Accountability and Performance (ALNAP)**
- **CHS Alliance**
- **Humanitarian Standards Partnership (HSP)**
- **IASC Accountability & Inclusion Resources Portal**
- **IASC Protection from Sexual Exploitation and Abuse (PSEA)**
- **Inter-Agency Standing Committee (IASC)**
- **International Council of Voluntary Agencies (ICVA)**




### Active Learning Network for Accountability and Performance (ALNAP)

ကျွန်ုပ်တို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သင်ယူမှုများကို တိုးတက်အောင်မြင်စေရန် အကူအညီပေးသော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူအားလုံးသည် ဤကဏ္ဍ၏ စုပေါင်းအတွေ့အကြုံများမှတဆင့် အကျိုးကျေးဇူး ခံစားနိုင်စေရန် ဖြစ်ပါသည်။ ALNAP သည် Active Learning Network for Accountability and Performance in Humanitarian Action ၏ အတိုကောက်ဖြစ်ပြီး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် တာဝန်ခံယူမှုနှင့် ဆောင်ရွက်နိုင်စွမ်းတိုးတက်စေရန်အတွက် သင်ယူရေးကွန်ရက်ဖြစ်သည်။ ကျွန်ုပ်တို့သည် အထောက်အထားများ၊ အတွေ့အကြုံများနှင့် လက်တွေ့ကျသော အကြံဉာဏ်များကိုဖလှယ်ပေးခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် တိုးတက်စေရန် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

### Core Humanitarian Standard (CHS)

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အရည်အသွေးနှင့် တာဝန်ခံမှုအဓိကစံသတ်မှတ်ချက်များသည် ကတိကဝတ် ၉ ချက် ကို ဖော်ပြထားပြီး၊ အဖွဲ့အစည်းများအနေဖြင့် အကျပ်အတည်းကာလများအတွင်း ထိခိုက်လွယ်မှုဒဏ်ခံနေရသူများကို သူတို့၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို လေးစားသည့် နည်းလမ်းများဖြင့် ပံ့ပိုးကူညီနိုင်ရန် အာမခံချက်ပေးထားသည့်အပြင် လူအများနှင့် လူမှုအသိုင်းအဝိုင်းများတွင် သူတို့ကြုံတွေ့နေရသော အကျပ်အတည်းများအတွက် ဖြေရှင်းနည်းများ ရှာဖွေရန်နှင့် တက်ကြွစွာ ပါဝင်နိုင်စေရန်အတွက် မြှင့်တင်ပေးထားသည်။



Humanitarian Standards Partnership

SEADS

## Humanitarian Standards Partnership (HSP)

Humanitarian Standards Partnership (HSP) သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများကို မြှင့်တင်ဖော်ဆောင်ခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေးနှင့် တာဝန်ခံမှုကို ပိုမိုကောင်းမွန်အောင် တိုးတက်စေရန် ရည်ရွယ်ထားသည့်အပြင် စံနှုန်းများကို အသုံးချနိုင်ရန်အတွက် လေ့ကျင့်သင်ကြားခြင်းများ၊ ကိရိယာများ၊ မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များ၊ လက်တွေ့လမ်းညွှန်ချက်များကို ပံ့ပိုးပေးကာ စံနှုန်းများနှင့်ကိုက်ညီသော သဟဇာတဖြစ်သည့်  ချဉ်းကပ်မှုများဖြင့် လုပ်ဆောင်နိုင်ရန်အတွက် အထောက်အကူ ဖြစ်စေပါသည်။

Sphere

Sphere သည် ကမ္ဘာလုံးဆိုင်ရာ လူမှုအသိုင်းအဝိုင်းတစ်ခုဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများအတွက် စံနှုန်းများကို ဖော်ဆောင်ခြင်း၊ မြှင့်တင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း  ပြုလုပ်ပေးသည့်အပြင် စံနှုန်းများသည် တာဝန်ခံယူမှုမူဘောင်အဖြစ် တည်ရှိကာ ကြိုတင်ပြင်ဆင်မှု ၊ အရင်းအမြစ်ခွဲဝေမှု ၊ အရေးပေါ်တုံ့ပြန်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် အရေးဆိုတင်ပြမှုတို့ကို ဘေးအန္တရာယ်များနှင့် အကျပ်အတည်းများ မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်၊ ဖြစ်ပွားပြီးနောက် သုံးစွဲနိုင်ရန် ပံ့ပိုးပေးထားသည်။

cbm
global disability inclusion

HelpAge International သည် အရေးပေါ်တုံ့ပြန်မှုများအတွင်း သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ အထူးအလေးပေး ထောက်ပံ့ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်း၏ အဓိကရည်ရွယ်ချက်မှာ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများသည် အရေးပေါ်အကူအညီများကို လက်လှမ်းမီသည့် နည်းလမ်းများမှ တိုက်ရိုက် အကျိုးခံစားနိုင်စေရန်ဖြစ်သည်။ ထို့ပြင် ၎င်းတို့၏ဘဝနှင့် နေထိုင်မှုအခြေအနေများအပေါ် သက်ရောက်သော ဆုံးဖြတ်ချက်ချမှု လုပ်ငန်းစဉ်များတွင် တိုက်ရိုက် ပါဝင်ပတ်သက်နိုင်ရန် အခွင့်အလမ်းများကို မြှင့်တင်ပေးသည်။ ထို့အပြင် HelpAge International သည် CBM Global နှင့် ပူးပေါင်း၍ "သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပေါင်းစည်းပါဝင်ရေး စံနှုန်းများ" (Humanitarian Inclusion Standards for Older People and People with Disabilities) ကို မြှင့်တင်ဆောင်ရွက်နေသည်။

The Alliance for Child Protection in Humanitarian Action - "the Alliance" သည် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများအတွင်း ကလေးများထိခိုက်မှုကို ကာကွယ်ရန်နှင့်တုံ့ပြန်ဆောင်ရွက်ရန် အကူအညီပေးသည့် စံနှုန်းများ ထိန်းသိမ်းရေး၊ ထုတ်ပြန်ရေးနှင့် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များကို ပံ့ပိုးပေးပါသည်။

CALP NETWORK

CALP Network သည် ငွေသားနှင့် ဘောက်ချာ အကူအညီ၏ အရည်အသွေးနှင့် ပမာဏကို တိုးမြှင့်နိုင်ရန် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ပေးပါသည်။

Global Camp Coordination and Camp Management (CCCM) Cluster သည် Inter-Agency Standing Committee (IASC) ၏ ညှိနှိုင်းဆောင်ရွက်ရေး ယန္တရားတစ်ခု ဖြစ်ပြီး၊ သဘာဝဘေးအန္တရာယ်များနှင့် ပဋိပက္ခများကြောင့် ပြည်တွင်း နေရပ်စွန့်ခွာရသူများကို ဘေးကင်းလုံခြုံပြီး ဂုဏ်သိက္ခာရှိစွာ သင့်လျော်သည့် ပတ်ဝန်းကျင်များတွင် နေထိုင်နိုင်ရန် ပံ့ပိုးပေးသည်။

CHS Alliance သည် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ၏ ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖွဲ့တစ်ခု ဖြစ်ပြီး ၎င်းမဟာမိတ်အဖွဲ့တွင်ပါဝင်သည့် အဖွဲ့အစည်းများသည် "မိမိတို့ ဝန်ဆောင်မှုပေးသည့် လူထုအပေါ် တာဝန်ခံမှုယူမှုရှိခြင်းသည် ပိုမိုအရည်အသွေးမြင့်မားပြီး ထိရောက်သော အကူအညီများကို ပေးနိုင်သည်" ဟူသော 'ဘုံ' ယုံကြည်ချက်အပေါ် အခြေခံကာ၊ လူထုအတွက် အကူအညီများကို ပိုမိုကောင်းမွန်စေရန် ကတိကဝတ်ပြုထားကြသည်။

Inter-agency Network for Education in Emergencies (INEE) သည် အရေးပေါ်အခြေအနေများတွင် ပညာရေးဆိုင်ရာ အေဂျင်စီများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ထားသည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ခု ဖြစ်ပြီး ဤကွန်ရက်သည် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်အတွင်း အလုပ်လုပ်ကြပြီး၊ လူတိုင်းအတွက် အရည်အသွေးရှိခြင်း၊၊ ဘေးကင်းလုံခြုံခြင်း၊၊ ကိုက်ညီမှုရှိခြင်းနှင့် တန်းတူညီမျှခြင်း ရှိသော ပညာရေးရပိုင်ခွင့်ကို ရရှိစေရန်အတွက် ရည်ရွယ်ထားပါသည်။

Livestock Emergency Guidelines and Standards သည် အရေးပေါ်အခြေအနေများအတွင်း မွေးမြူရေးအခြေပြု အသက်မွေးဝမ်းကျောင်း တုံ့ပြန်မှုများအတွက် စံချိန်စံညွှန်းများနှင့် လမ်းညွှန်ချက်များကို ရပ်ရွာလူထုများအတွက် ပံ့ပိုးပေးပါသည်။

Standards for Supporting Crop-related Livelihoods in Emergencies (SEADS) သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအတွင်း သီးနှံစိုက်ပျိုးမှုဆိုင်ရာ တုံ့ပြန်မှုများကို ပုံစံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်ခြင်းများ လုပ်ဆောင်ရာတွင် လူပုဂ္ဂိုလ်များကို ထောက်ပံ့ပေးသည့် နိုင်ငံတကာဆိုင်ရာ အခြေခံမှုများနှင့် အနည်းဆုံးစံနှုန်းများကို သတ်မှတ်ပေးထားပါသည်။

Minimum Economic Recovery Standards - MERS) သည် SEEP Network (Small Enterprise Education and Promotion) မှ ဖန်တီးပြီး ထိန်းသိမ်းထားခဲ့သည့် စံနှုန်းတစ်ခု ဖြစ်သည်။ ဤစံနှုန်းကို SEEP Network မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ပိတ်သိမ်းသည်အထိ ဆက်လက်စီမံခဲ့သည်။ ဤစံနှုန်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို Sphere အဖွဲ့အစည်းနှင့် ဆက်သွယ်၍ စုံစမ်းနိုင်ပါသည်။

Inter-Agency Standing Committee (IASC) ကို ၁၉၉၁ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် ၄၆/၁၈၂ ဖြင့် တည်ထောင်ခဲ့သည်။ IASC သည် ကုလသမဂ္ဂ စနစ်အတွင်း သက်တမ်းအရှည်ဆုံးနှင့် အမြင့်ဆုံးအဆင့်ရှိသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တစ်ခုဖြစ်သည်။ ၎င်းတွင် အဖွဲ့အစည်း ၁၉ ခုနှင့် ကွန်ဆာရီယမ်များ၏ အမှုဆောင်အကြီးအကဲများကို စုစည်းထားပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများကို တုံ့ပြန်နိုင်ရန် မူဝါဒများ ချမှတ်ခြင်း၊ မဟာဗျူဟာဦးစားပေးချက်များ သတ်မှတ်ခြင်းနှင့် အရင်းအမြစ်များ စုဆောင်းအသုံးချခြင်းတို့ကို လုပ်ဆောင်ပေးသည်။

IASC Accountability & Inclusion Resources Portal သည် လူသားဖဟိုပြု လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များအတွက် တာဝန်ခံမှုနှင့် ပါဝင်မှုကို အထောက်အကူပြုသည့် ပလက်ဖောင်းတစ်ခု ဖြစ်သည်။

ဤပေါ်တယ်တွင် သင့်အနေဖြင့် တာဝန်ခံမှုနှင့် ပါဝင်မှုဆိုင်ရာလမ်းညွှန်ချက်များကို ရှာဖွေနိုင်သည်၊ ကျွမ်းကျင်သူများနှင့် ဆက်သွယ်နိုင်သည်၊ ထို့အပြင် လူသားဗဟိုပြု ထိရောက်သော အလေ့အကျင့်များကို အကောင်အထည်ဖော်ရန် အထောက်အပံ့ ရယူနိုင်သည်။

IASC 6 Core Principles Relating to Sexual Exploitation and Abuse 2019

Protection from Sexual Exploitation and Abuse IASC သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ထိခိုက်ခံစားနေရသူများကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု (Sexual Exploitation) နှင့် အလွဲသုံးစားပြုမှု (Sexual Abuse) များမှ ကာကွယ်ရန် ကတိကဝတ်ပြုထားပါသည်။ ဤကတိကဝတ်ကို အကောင်အထည်ဖော်ရန်အတွက် IASC PSEA နည်းပညာဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့သည် လူသားချင်းစာနာထောက်ထားမှု ညှိနှိုင်းရေးမှူးများနှင့် လူသားချင်းစာနာထောက်ထားမှု နိုင်ငံအလိုက်အဖွဲ့များကို နည်းပညာဆိုင်ရာ အထောက်အပံ့များ၊ အရင်းအမြစ်များနှင့် မိတ်ဖက်ပေါင်းစည်းဆောင်ရွက်မှုများမှတစ်ဆင့် ကူညီပံ့ပိုးပေးပါသည်။


IASC PSEA Global Dashboard

PROTECTION FROM SEXUAL EXPLOITATION AND ABUSE

International Council of Voluntary Agencies (ICVA) သည် အစိုးရမဟုတ်သောအဖွဲ့အစည်းများကို စုပေါင်းထားသည့် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ခုဖြစ်ပြီး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များကို ပိုမိုအခြေခံကျစေပြီး ထိရောက်စေရန် ရည်ရွယ်ပါသည်။ ၎င်း၏ အဓိကမူဝါဒမှာ အဖွဲ့ဝင်များအနေဖြင့် စုပေါင်းဆောင်ရွက်ခြင်းနှင့် လွတ်လပ်စွာဆောင်ရွက်ခြင်းမှတဆင့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို သက်ရောက်မှုရှိစေကာ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ အကျိုးသက်ရောက်မှုကို တိုးတက်ကောင်းမွန်စေရန် ဖြစ်သည်။

ICVA
A GLOBAL NGO NETWORK FOR PRINCIPLED AND EFFECTIVE HUMANITARIAN ACTION





# ၃ / QAS ကို ပူးပေါင်းအသုံးပြုခြင်း၏ ဥပမာများ


ဤအောက်တွင် ဖော်ပြမည့် ဖတ်လမ်းများသည် စိတ်ကူးယဉ်ဖြစ်ပြီး၊ မိမိတို့ကို မတူညီသော အခြေအနေများအတွင်း QAS ကို ပူးပေါင်းပြီး အကောင်အထည်ဖော်နိုင်ပုံကို သရုပ်ဖော်ရန် ရည်ရွယ်ထားပါသည်။ ၎င်းတို့သည် QAS ကို အဖွဲ့အစည်းတစ်ခုတည်းကသာ မဟုတ်ဘဲ ပူးတွဲအသုံးချခြင်းနှင့် စုပေါင်းအသုံးချခြင်းများဖြင့် မည်သို့ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်သည်ကို ဥပမာအဖြစ် ပြသထားခြင်းဖြစ်သည်။

## ဘေးအန္တရာယ်ဆိုင်ရာ အဖွဲ့အစည်းပေါင်းစုံ၏ ပူးပေါင်းတုံ့ပြန်မှု

အဖျက်စွမ်းအားကြီးသော ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ဖြစ်ပွားပြီးနောက်တွင် ဒေသတွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအေဂျင်စီများနှင့် အစိုးရအဖွဲ့အစည်းများ ပါဝင်သည့် မိတ်ဖက်အဖွဲ့တစ်ခုသည် QAS မှုများကို အသုံးပြုပြီး ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ညှိနှိုင်းပေါင်းစပ်ခဲ့သည်။ IASC AAP/PSEA လမ်းညွှန်ချက်ကို အခြေခံကာ တိုင်ကြားမှုနှင့် တုံ့ပြန်မှုဆိုင်ရာ ယန္တရားများကို တည်ဆောက်ခဲ့ပြီး၊ လူမှုအသိုင်းအဝိုင်းထံမှ ဦးစားပေးလိုအပ်ချက်များနှင့် နှစ်သက်မှုများကို စုဆောင်းခဲ့သည်။ ထိုထင်မြင်ချက်များသည် အစားအစာ၊ အမိုးအကာ၊ ဆေးဝါးကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် အခြေခံဝန်ဆောင်မှုများ ပေးအပ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့အပြင် Sphere Handbook ကို အခြေခံပြီး "လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်စာတမ်း" မှ စတင်၍ လေ့ကျင့်ရေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ကြပြီး၊ "Do No Harm" မူဝါဒ၊ ကာကွယ်စောင့်ရှောက်မှု၊ ထိခိုက်လွယ်သူများ (အမျိုးသမီးများ၊ ကလေးများ) ကာကွယ်ရေး စသည့် အဓိကအချက်များကို အလေးပေးဖော်ပြခဲ့သည်။

## မြို့ပြဒေသများရှိ ဆန်းသစ်သော ငွေသားအကူအညီ

ဒေသတွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်တစ်ခုသည် ရေဘေးသင့် မြို့ပြဒေသရိယာတစ်ခုတွင် ငွေသားနှင့် ဘောက်ချာအကူအညီ (CVA) ကို စမ်းသပ်အဖြစ် စတင်ပြုလုပ်ခဲ့သည်။ ပရောဂျက်တွင် လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက်များအပေါ်မူတည်၍ အကူအညီပေးအပ်ရာတွင် ချက်ချင်းညှိနှိုင်းပြောင်းလဲနိုင်ရန် SMS စစ်တမ်းများနှင့် WhatsApp စစ်တမ်းများကဲ့သို့သော အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ချက်ရယူသည့် ကိရိယာများကို အသုံးချခဲ့သည်။ ထို့အပြင် စဉ်ဆက်မပြတ် ပြောင်းလဲမှုနှင့် တိုးတက်မှုများကို အထိရောက်ဆုံးဖြစ်စေရန် CHS ကတိကဝတ်များထဲမှ ကတိကဝတ် ၇ ကို အခြေခံခဲ့သည်။ ထို့နောက် IASC AAP/PSEA ပက်ကေ့ချ်မှ ရုပ်ပုံပစ္စည်းများကို အသုံးပြုပြီး လူမှုအသိုင်းအဝိုင်းများအား ၎င်းတို့၏ အခွင့်အရေးများနှင့် အစီအစဉ်၏ ရည်ရွယ်ချက်များအကြောင်း သေချာစွာ နားလည်သဘောပေါက်စေရန် လှုံ့ဆော်ခဲ့သည်။



## ကျေးလက်နေပြည်သူများအတွက် မွေးမြူရေးနှင့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ

နိုင်ငံတော်အဆင့်ရှိ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုသည် မိုးခေါင်ရေရှားမှု အခြေအနေပြင်းထန်စွာခံစားနေရသောဒေသကို ကူညီတုံ့ပြန်မှုများပေးနိုင်ရန် ဒေသခံတောင်သူများနှင့် အစိုးရအေဂျင်စီများနှင့် ပူးပေါင်းပြီး မွေးမြူရေးစီမံခန့်ခွဲမှုအစီအစဉ်တစ်ခုကို စတင်ခဲ့ကြသည်။ ဤအစီအစဉ်တွင် LEGS (Livestock Emergency Guidelines and Standards) နှင့် SEADS (Standards for Supporting Crop-related Livelihoods in Emergencies) စံနှုန်းများကို အသုံးချခြင်းဖြင့် မွေးမြူရေးနှင့် သီးနှံစိုက်ပျိုးရေးအခြေပြု အသက်မွေးဝမ်းကျောင်းဆိုင်ရာ အကူအညီများကို လူထုလိုအပ်ချက်နှင့် ကိုက်ညီမှုရှိရန်နှင့် ရေရှည်တည်တံ့စေရန် စတင်ခဲ့သည်။ LEGS၊ SEADS၊ CHS Alliance နှင့် Sphere တို့မှ ပေါင်းစပ်လေ့ကျင့်ရေးအစီအစဉ်များကို အသုံးချ၍ ဒေသခံအဖွဲ့အစည်းများနှင့် လုပ်ဆောင်သူများအား အန္တရာယ်အခြေပြု အကဲဖြတ်ဆန်းစစ်မှုများပြုလုပ်ခဲ့သည့်အပြင် လူတိုင်းတက်ရောက်နိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် Kaya အွန်လိုင်းသင်ယူမှု အရင်းအမြစ်များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ဒေသခံတောင်သူများသည် ၎င်းတို့ကိုယ်တိုင် ဖြေရှင်းနည်းများကို ပူးပေါင်းဖန်တီးနိုင်ရန် အခွင့်အလမ်းများပေးခဲ့သည်။ ထို့အပြင် အစီအစဉ်များ၏ တာဝန်ခံယူမှုကိုလည်း မြှင့်တင်ပေးနိုင်ခဲ့သည်။

## ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပူးတွဲတာဝန်ခံယူမှု

ပြင်းထန်သော ငလျင်ကြီး ဖြစ်ပွားပြီးနောက်၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် Sphere လမ်းညွှန်ချက်များကို အသုံးချခဲ့သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဒေသခံအစိုးရများပူးပေါင်းဆောင်ရွက်ကာ ဖြေရှင်းနည်းများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်နှင့် "ထိခိုက်မှုမရှိစေရ" မူကို လိုက်နာခဲ့ပါသည်။ Sphere Thematic Sheet #1: Reducing Environmental Impact ကို အလုပ်ရုံဆွေးနွေးပွဲများ ဒီဇိုင်းရေးဆွဲရာတွင် အရင်းအမြစ်တစ်ခုအဖြစ် အသုံးပြုခဲ့သည်။ ထို့အပြင် CHS Commitment 9 ဖြစ်သည့် အရင်းအမြစ်များကို ကျင့်ဝတ်နှင့် တုံ့ပြန်နိုင်စွမ်းဖြင့် စီမံခန့်ခွဲခြင်းကိုလည်း အခြေခံယူကာ ဆောင်ရွက်ခဲ့ပါသည်။ လူထုဗဟိုပြု ချဉ်းကပ်မှုအနက် လုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းတာဝန်ခံယူမှုကို တိုးမြှင့်ရန် အမှတ်ပေးဇယားများကို အသုံးပြုကာ ရပ်ရွာလူထု၏ အကြံပြုချက်များ (feedback) ကို စဉ်ဆက်မပြတ် စုဆောင်းခဲ့သည်။





## ကနဦးအကဲဖြတ်မှုအတွက် စံနှုန်းများစွာကို အသုံးပြုခြင်း

စိုက်ပျိုးရေးကို အဓိကအားကိုးနေသော ဒေသတစ်ခုတွင် ရေရှည်မိုးခေါင်ရေရှားမှု ဖြစ်ပွားရာတွင် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အစိုးရအေဂျင်စီများနှင့် လူထုအခြေပြုအဖွဲ့အစည်းများသည် ပူးပေါင်း၍ ကနဦးအကဲဖြတ်မှု တစ်ခုကို ဖော်ဆောင်ခဲ့သည်။ ၎င်း၏ ရည်ရွယ်ချက်မှာ အသက်မွေးဝမ်းကျောင်းမှုများ၊ စားနပ်ရိက္ခာလုံခြုံမှုနှင့် ရေရရှိနိုင်မှုအပေါ် မိုးခေါင်ရေရှားမှု၏ သက်ရောက်မှုကို ပြည့်စုံသော အချက်အလက်များ စုဆောင်းရန် ဖြစ်ပြီး၊ လုပ်ငန်းစဉ်အားလုံးသည် QAS မူများနှင့် ကိုက်ညီစေရန် လုပ်ဆောင်ခဲ့ကြပါသည်။ ဤအကဲဖြတ်မှုကို လမ်းညွှန်ပေးသည့် စံနှုန်းများမှာ -

Sphere ၏ ထိခိုက်မှုမရှိစေရမှုကို အခြေခံပြီး၊ ပါဝင်နိုင်မှုနှင့် ထိခိုက်ခံစားရသူများအပေါ် တာဝန်ခံယူမှုတို့ကို သေချာစေရန် အထွေထွေ လမ်းညွှန်ချက်များကို ပံ့ပိုးခဲ့ပါသည်။

CHS (Core Humanitarian Standard) သည် အကဲဖြတ်မှုလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် လူထုပါဝင်မှုနှင့် တာဝန်ခံယူမှုကိုအဓိကထားနိုင်ရန် အထောက်အကူပြုခဲ့သည်။ အထူးသဖြင့် ကတိကဝတ် ၁ သင့်လျော်ပြီး သက်ဆိုင်သော အကူအညီပေးခြင်းနှင့် ကတိကဝတ် ၄ ထိခိုက်မှုမရှိစေရမှုကို အသုံးပြုခဲ့ပါသည်။ လမ်းညွှန်ချက်များကို ပံ့ပိုးခဲ့ပါသည်။

SEADS (Standards for Supporting Crop-Related Livelihoods in Emergencies) သည် သီးနှံစိုက်ပျိုးရေးအခြေခံ အသက်မွေးဝမ်းကျောင်းမှုများအပေါ် မိုးခေါင်ရေရှားမှု၏ သက်ရောက်မှုကို တိကျစွာ အကဲဖြတ်ရန် မှုဘောင်များ ပံ့ပိုးပေးခဲ့ပါသည်။

LEGS (Livestock Emergency Guidelines and Standards) သည်မွေးမြူရေးကို အခြေခံ၍ အသက်မွေးမှုပြုသော အိမ်ထောင်စုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး အသက်မွေးဝမ်းကျောင်းမှုအခြေခံ ကြားဝင်ဆောင်ရွက်မှုများ အတွက် ဘက်စုံချဉ်းကပ်မှုကို သေချာစေခဲ့ပါသည်။

Inclusion Standards အားဖြင့် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအပါအဝင် ဖယ်ကြဉ်ခံ အုပ်စုများကို အကဲဖြတ်မှုလုပ်ငန်းစဉ်တွင် အပြည့်အဝ ပါဝင်စေရန်နှင့် ထည့်သွင်းစဉ်းစားရန် အထောက်အကူပြုခဲ့ပါသည်။

# လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ အခြေအနေများတွင် QAS မှတစ်ဆင့် HDP Nexus ချဉ်းကပ်မှုကို အသုံးချခြင်း

ဤအကြောင်းအရာသည် HDP Nexus (လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု) ချဉ်းကပ်မှုကို QAS မူများအောက်တွင် အသုံးချခြင်းဖြင့် ရှုပ်ထွေးသည့် စိန်ခေါ်မှုများကိုဖြေရှင်းနိုင်သည့်အပြင် ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးနိုင်သည့် နည်းလမ်းကို ဖော်ပြထားသည်။

ပဋိပက္ခပြီးဆုံးပြီးနောက် သဘာဝဘေးအန္တရာယ်များ အကြိမ်ကြိမ်ကြုံတွေ့နေရသည့်၊ အခြေခံအဆောက်အအုံများ ပြိုကွဲနေပြီး လူမှုရေး နိုင်ငံရေး တင်းမာမှုများရှိနေသည့် ဒေသတစ်ခုတွင် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ ပူးပေါင်း၍ အရေးပေါ်လိုအပ်ချက်များဖြေရှင်းခြင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် အစီအစဉ်တစ်ခုကို အကောင်အထည်ဖော်ခဲ့ပါသည်။ အစီအစဉ်တစ်လျှောက်လုံးတွင် QAS မူများကို အသုံးချနိုင်ခဲ့သည့်အတွက် HDP Nexus ချဉ်းကပ်မှု၏ အကျိုးသက်ရောက်မှုကို မြင်သာစေခဲ့ပါသည်။

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု –

- *Sphere Handbook* သည် အရေးပေါ်တုံ့ပြန်မှုတွင် လမ်းညွှန်အဖြစ် အသုံးချခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူများအတွက် ဘေးကင်းရေ၊ အစားအစာ၊ အရေးပေါ်အမိုးအကာ စသည့် အခြေခံဝန်ဆောင်မှုများကို ထောက်ပံ့ရာတွင်  ထိခိုက်မှုမရှိစေရမှုနှင့် ထိခိုက်လွယ်သည့်အုပ်စုများကို ကာကွယ်ရေးကိုအလေးပေးစေခဲ့ပါသည်။
- Kobo Toolbox နှင့် Community Scorecards တို့ဖြင့် ထိခိုက်သူများထံမှ အချိန်နှင့် တပြေးညီ လိုအပ်ချက်နှင့် အကြံပြုချက်များကို စုဆောင်းနိုင်ခဲ့ပြီး တာဝန်ခံယူမှုကို အာမခံနိုင်ခဲ့ပါသည်။
- *CHS ကတိကဝတ် ၃ နှင့် ၄* ကို အသုံးချခြင်းဖြင့် အလွဲသုံးစားမှုနှင့် ထိခိုက်မှုများကို ကာကွယ်နိုင်ခဲ့ပြီး လူမှုအသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ခဲ့ပါသည်။

## ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကြိုးပမ်းမှုများ –

- *SEADS* နှင့် *LEGS* စံနှုန်းများကို အသက်မွေးဝမ်းကျောင်းမှု ပြန်လည်တည်ဆောက်ခြင်းနှင့် စားနပ်ရိက္ခာလုံခြုံမှု တိုးတက်စေရန် အတွက်အသုံးချခဲ့ပါသည်။
- အများပူးပေါင်းပါဝင်သည့် အန္တရာယ်အကဲဖြတ်ဆန်းစစ်မှုများမှတစ်ဆင့် ကြားဝင်ဆောင်ရွက်မှုများသည် လူ့အသိုင်းအဝိုင်း၏ ဦးစားပေးလိုအပ်ချက်များနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများကို ကိုက်ညီစေခဲ့ပါသည်။
- လေ့ကျင့်ရေးအစီအစဉ်များသည် ဒေသခံများအား စီမံချက်ပြီးဆုံးပြီးနောက်တွင်ပင် အစီအစဉ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် စွမ်းရည်မြှင့်တင်ပေးနိုင်ခဲ့ပါသည်။



## ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လုပ်ငန်းများ –

- Humanitarian Inclusion Standards (HIS) သည် တိုင်းရင်းသားလူနည်းစုများနှင့် နေရပ်စွန့်ခွာရသည့် အမျိုးသမီးများကဲ့သို့ ဖယ်ကြဉ်ခံအုပ်စုများကို ဆုံးဖြတ်ချက်ချမှုလုပ်ငန်းစဉ်များတွင် ပါဝင်လာနိုင်စေရန် အားပေးမြှင့်တင်ပေးခဲ့ပါသည်။
- Sphere ၏ Community Engagement Checklist နှင့် CHS အပေါ် အခြေခံသည့် ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲများမှတဆင့် ပဋိပက္ခဖြစ်ပွားနေသော အဖွဲ့များအကြား ဆွေးနွေးပွဲများ ပြုလုပ်နိုင်စေပြီး ယုံကြည်မှုတည်ဆောက်မှုကို တိုးတက်စေခဲ့ပါသည်။
- ကြားဝင်စေ့စပ်မှုနှင့် ပဋိပက္ခဖြေရှင်းမှုဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ်များသည် ကာကွယ်ရေးမူများနှင့် ကိုက်ညီမှုရှိစေရန် အထောက်အကူပြုသည့်အပြင် ဒေသခံများကို ငြိမ်းချမ်းရေး ကြိုးပမ်းမှုများ ရှိလာစေရန် အားပေးခဲ့သည်။



## QAS ဘက်စုံအသုံးချနိုင်မှု –

IASC AAP/PSEA လမ်းညွှန်ချက်ကို အသုံးပြု၍ တိုင်ကြားချက်နှင့် အကြံပြုချက် ယန္တရားများ တည်ဆောက်ခဲ့သည်။ ထို့ကြောင့် ရပ်ရွာလူထုများအနေဖြင့် အစီအစဉ်၏ အဆင့်တိုင်းတွင် မိမိတို့၏အကြံပြုချက်များ၊ ပြဿနာများနှင့် စိုးရိမ်ချက်များကို လုံခြုံစွာ တင်ပြနိုင်ခဲ့သည်။

CHS Commitment 7 အရ အစီအစဉ်သည် ရပ်ရွာလူထု၏ အကြံပြုချက်များနှင့် အခြေအနေ ပြောင်းလဲမှုများအပေါ် အခြေခံ၍ ဆက်လက်တိုးတက်ပြောင်းလဲနိုင်ကြောင်း သေချာစေခဲ့ပါသည်။

SMS စစ်တမ်းများကဲ့သို့ ဒစ်ဂျစ်တယ်ကိရိယာများကို အသုံးပြုခြင်းအားဖြင့် စီမံကိန်းအဖွဲ့သည် ဝေးလံသည့် ဒေသများနှင့် ထိခိုက်လွယ်သည့် ရပ်ရွာလူထုများထံမှ အကြံပြုချက်များကို အချိန်နှင့် တပြေးညီ စုဆောင်းနိုင်ခဲ့ပါသည်။

# အခန်း ၈
# QAS ကိရိယာများနှင့် အရင်းအမြစ်များ

QAS မူများကို သင်ယူခြင်း၊ အသုံးချခြင်းနှင့် စမ်းသပ်ခြင်းတို့ကို တစ်ဦးချင်းစီအနေနှင့်လည်းကောင်း လုပ်ဖော်ကိုင်ဖက်များနှင့်လည်းကောင်း သို့မဟုတ် ရပ်ရွာလူထုများနှင့် ပူးပေါင်း၍ ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်နိုင်သည်။ ဤချဉ်းကပ်မှုများသည် သီးခြားမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဖြည့်ဆည်းပေးနိုင်သဖြင့် အသုံးချသောအခါ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်သည်။ ကိရိယာများနှင့် အရင်းအမြစ်များကို မိမိနစ်သက်ရာ၊ သင်ယူပုံစံများနှင့် လက်လှမ်းမီနိုင်မှုတို့ကို ထည့်သွင်းစဉ်းစား၍ ရွေးချယ်နိုင်သည်။

အောက်တွင် ဖော်ပြထားသည့် QAS ကိရိယာများနှင့် အရင်းအမြစ်များကို အွန်လိုင်းတွင် ရယူနိုင်ပြီး ဤပလက်ဖောင်းသည် စဉ်ဆက်မပြတ်မျှဝေခြင်းနှင့် တိုးတက်မှုအတွက် အပြန်အလှန်လုပ်ဆောင်နိုင်သော နေရာတစ်ခုအဖြစ်ရှိသည်။

**1**

တစ်ဦးချင်းစီအတွက် **ရှာဖွေခြင်း၊ ဖတ်ရှုခြင်း၊ နားထောင်ခြင်း၊ ကြည့်ရှုခြင်း**

- အကဲဖြတ်မှုများ၊ သုတေသနများ၊ လေ့လာမှုများ
- Podcast များ
- ထုတ်ဝေမှုများ
- ပုံများ၊ ဗီဒီယိုများ ကဲ့သို့သော ရုပ်သံပစ္စည်းများ
- ဝက်ဘ်ဆိုက်များ

**2**

လုပ်ဖော်ကိုင်ဖက်များနှင့် စုပေါင်း၍ **တွေ့ဆုံခြင်း၊ ပူးပေါင်းပါဝင်ခြင်း၊ သွားရောက်လေ့လာခြင်း**

- ရပ်ရွာလူထုအလေ့အကျင့်ကောင်းများ၊ ပလက်ဖောင်းများ
- ပွဲများ၊ ပြပွဲများ၊ ညီလာခံများ
- သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ယူမှုဆိုင်ရာပွဲများ

**3**

ရပ်ရွာလူထုနှင့် ပူးပေါင်း၍ **စုရုံးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ ရွှေ့ပြောင်းစီမံကိန်းများ**

- အသိပညာပေးဆွေးနွေးမှုနှင့် ဆိုင်သော ပစ္စည်းများ
- သတင်းအချက်အလက်၊ ပညာပေးနှင့် ဆက်သွယ်ရေး အတွက်အသုံးပြုသည့်ပစ္စည်းများ
- လူထုပုံပြင်များနှင့် အတွေ့အကြုံများ



# ACRONYMS

| | |
|---|---|
| AAP | Accountability to Affected Populations |
| CCCM | Camp Coordination and Camp Management |
| CFM | Complaints and Feedback Mechanism |
| CHS | Core Humanitarian Standard |
| CVA | Cash and Voucher Assistance |
| HDP | Humanitarian-Development-Peace |
| HPC | Humanitarian Programme Cycle |
| HSP | Humanitarian Standards Partnership |
| IASC | Inter-Agency Standing Committee |
| ICVA | International Council of Voluntary Agencies |
| IEC | Information, education and communication |
| INEE | Inter-agency Network for Education in Emergencies |
| LEGS | Livestock Emergency Guidelines and Standards |
| MERS | Minimum Economic Recovery Standards |
| OECD DAC | Organisation for Economic Cooperation and Development - Development Assistance Committee |
| PCM | Project Cycle Management |
| QAS | Quality, Accountability, and Safeguarding |
| SEA | Sexual Exploitation and Abuse |
| SEADS | Standards for Supporting Crop-related Livelihoods in Emergencies |
| SH | Sexual Harassment |

# ကျေးဇူးတင်လွှာ

ဤလမ်းညွှန်စာအုပ်ဖြစ်မြောက်ရေးအတွက် Community World Service Asia အဖွဲ့ဝင်များနှင့် အဖွဲ့အစည်းများစွာတို့၏ အဖိုးမဖြတ်နိုင်သော ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းပါဝင်မှုတို့က အထောက်အကူ ဖြစ်ခဲ့ပါသည်။

ဤလမ်းညွှန်စာအုပ်၏ အကြောင်းအရာများကို မွမ်းမံရာတွင် QAS ဆိုင်ရာ ကျွမ်းကျင်မှု နှင့် ခိုင်မာသော ကတိကဝတ်ပြုမှုတို့ဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် စာရေးသားသူကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အရည်အသွေးနှင့် တာဝန်ခံယူမှုကို မြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ပြီး အကူအညီများ ပေးအပ်ခဲ့သည့် ACT Church of Sweden အပြင် ၎င်းတို့၏ ကမ္ဘာလုံးဆိုင်ရာ တာဝန်ခံယူမှုနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးမှတစ်ဆင့် ပံ့ပိုးကူညီခဲ့သည့်အတွက် ACT Alliance ကိုလည်း ကျေးဇူးတင်ရှိပါသည်။

လူ့အခွင့်အရေးကိုအခြေပြု၍ အားလုံးပါဝင်နိုင်သော တာဝန်ခံယူမှုရှိသော အစီအစဉ်များကို အစဉ်မပြတ် အားပေးထောက်ပံ့ခဲ့သည့် Bread for the World ၏ ပံ့ပိုးမှုများကိုလည်း အထူးကျေးဇူးတင်အသိအမှတ်ပြုအပ်ပါသည်။

ထို့အပြင် ဤလမ်းညွှန်စာအုပ်အတွက် အခြေခံအုတ်မြစ်နှင့် လမ်းညွှန်ချက်မူဘောင်များအား ပံ့ပိုးပေးခဲ့သည့် Core Humanitarian Standard Alliance နှင့် Sphere တို့၏ ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်မှုကိုလည်း လေးစားစွာအသိအမှတ်ပြုအပ်ပါသည်။ ၎င်းတို့မှ သတ်မှတ်ထားသော စံနှုန်းများနှင့် ကိရိယာများသည် အဖွဲ့အစည်းများအနေဖြင့် ရပ်ရွာလူထုအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အထောက်အကူဖြစ်စေပါသည်။

ဤလမ်းညွှန်စာအုပ် "QAS in Action" ကို ပညာရေးဆိုင်ရာ ရည်ရွယ်ချက်များအတွက် အခမဲ့ ပြန်လည်အသုံးပြုနိုင်ပါသည်။ ယင်းတွင် သင်တန်းပေးခြင်း၊ အွန်လိုင်းတွင် ဖော်ပြခြင်း၊ အခြားထုတ်ဝေမှုများတွင် ပြန်လည်အသုံးချခြင်း၊ ဘာသာပြန်ခြင်း သို့မဟုတ် အခြေအနေကို လိုက်ဖက်စွာညှိနှိုင်းပြုပြင်ခြင်း၊ သုတေသနနှင့် ပရိုဂရမ်ဆိုင်ရာ လုပ်ဆောင်မှုများအတွက် အသုံးချခြင်းတို့ ပါဝင်ပါသည်။ ထိုသို့ အသုံးပြုရာတွင် ထုတ်ဝေသူနှင့် ရေးသားသူတို့အား အသိအမှတ်ပြုဖော်ပြရန် မဖြစ်မနေ လိုအပ်ပါသည်။ ဤစာအုပ်ကို ရောင်းချရန် ရည်ရွယ်ချက်မရှိသော်လည်း အခြားသောအခြေအနေများအတွက် မိတ္တူကူးယူအသုံးပြုလိုပါက ကျွန်ုပ်တို့ထံ အီးမေးလ်ဖြင့် ဆက်သွယ်နိုင်ပါသည်။